ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (16-2-2006) (၄၈၇၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်   ဖေဖော်ဝါရီ   ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကူဝိတ်နိုင်ငံ၏ အကြီးအကဲအရိုက်အရာကိုဆက်ခံရသော ရှိတ်ဆာဗားအယ်လ်အာမတ်အယ်လ်ဆာဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ် ချစ်ကြည်ရေးခရီး လာရောက်မည်

ရန်ကုန်   ဖေဖော်ဝါရီ   ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီဂျေအဗ္ဗဒူလ်ကလမ်သည် မြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန်   ဖေဖော်ဝါရီ   ၁၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲသို့ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

☆ *မြန်မာ့သုခုမ တေးဂီတအနုပညာ ကဏ္ဍအလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းကြရန်လိုသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် အညီ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်သံစဉ်ဖြင့် မြန်မာ့ဂီတကို ဆန်းသစ်တိုးတက်လာစေရန်၊ တီထွင်သွားကြရန် လိုအပ်သည်။ တစ်ချိန်တည်းတွင် ဂီတစွမ်းအား ပြည်ထွန်းကားဟူသည့် ဆောင်ပုဒ်နှင့် အညီ အမျိုးသားရေးတာဝန်များကို ကျရာကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားကြရမည်ဖြစ်သည်။* ခေါင်းကြီး(စာမျက်နှာ–၂)

☆ *ယခုနှစ်တွင် ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်အား ရွှေစင်ရွှေသားများ ကပ်လှူပူဇော်ထားခြင်း၊ အရံစေတီ ၁၆ဆူတို့အား ထီးတော်အသစ်များ တင်လှူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများနှင့် မုခ်ဦးများကိုလည်း ပြန်လည် ပြုပြင်ထားသည့်အတွက် သပ္ပာယ်စွာ ဖူးမြော်ရမည် ဖြစ်ပေသည်။*

မောင်တင်လှိုင်(ဟိုတယ်/ခရီး)၏ **"ဦးခိုက်ပူဇော် ဆံတော်ရှင်မြတ်မော်တင်စေတီတော်"** ဆောင်းပါး(စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၆-၂-၂၀၀၆ (ကြာသပတေးနေ့)

ပြည်ထောင်စုနေ့ အဝိဋ္ဌာန်

"တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲပါက လွတ်လပ်ရေးဆုံးရှုံးမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

မြန်မာ့ဂီတ ခေတ်နှင့်အညီ ဆန်းသစ်တီထွင် ရိုးရာယဉ်ကျေးမှုအခြေခံ၍ တိုးတက်အောင်ဆောင်ရွက်

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသည်။ အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးစရိုက်လက္ခဏာများကို မြန်မာ့သမိုင်းအဦးအစကာလမှသည် ယနေ့ထက်တိုင် အခိုင်အမာ မော်ကွန်းထိုးထားနိုင်ခဲ့ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများနှင့် အမျိုးသားရေး ဥပဓိရုပ် ခံ့ခံ့ထည်ထည်ဖြစ်တည်နေခြင်း သည် ယင်းနိုင်ငံနှင့် လူမျိုး၏ သမိုင်းကြောင်းအစဉ်အလာ ခိုင်မာမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို ဖော်ညွှန်းပြသလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတကာအလယ်တွင် နိုင်ငံနှင့်လူမျိုး ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် နိုင်ငံသားတိုင်းက အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ မြန်မာ့အတွေးအမြင်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို ဆက်လက်ဖော်ထုတ်မြှင့်တင်သွားကြရမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံဂီတအစည်းအရုံး အနေဖြင့်လည်း မြန်မာ့ဂီတယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန် တာဝန်ရှိသကဲ့သို့ တစ်ဖက်ကလည်း မြန်မာ့ဂီတကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင်သွားကြရမည်ဖြစ်သည်။

ယင်းသို့ ဆန်းသစ်တီထွင်မှုများ ပြုလုပ်ရာတွင် ပြည်ပမှဝင်ရောက်လာသည့် အဆို၊ အက၊ တေးဂီတ ယဉ်ကျေးမှုကို ခေတ်ရေစီးကြောင်းဟု သတ်မှတ်ကာ တစ်သဝေမတိမ်း အတုယူပြောင်းလဲလက်ခံကျင့်သုံးရန် မဟုတ်ဘဲ မြန်မာ့တေးဂီတအား အရိုးပေါ်အရွက်မဖုံးစေရန် သတိပြုကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်ပြောင်းလဲဖြစ်ထွန်းမှုများနှင့်အတူ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ ယဉ်ကျေးမှုတံခါးပေါက်၊ စီးပွားရေးတံခါးပေါက်များမှတစ်ဆင့် တိုင်းတစ်ပါး ယဉ်ကျေးမှုများ အလျှံမပြတ် စိမ့်ဝင်ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။

ယင်းသို့သော အခြေအနေတွင် သရုပ်ပျက်ဓလေ့စရိုက်များကို မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနယ်ပယ်တွင် စွန်းထင်းစွဲထင် မကျန်ရစ်စေရန် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးစွမ်းအားဖြင့် တားဆီးသွားကြရမည်ဖြစ်သည်။

မြန်မာ့သုခမတေးဂီတအနုပညာကဏ္ဍအလိုက် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းကြရန်လိုသည်။ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်သံစဉ်ဖြင့် မြန်မာ့ဂီတကို ဆန်းသစ်တိုးတက်လာစေရန် တီထွင်သွားကြရန် လိုပေသည်။ တစ်ချိန်တည်းတွင် ဂီတစွမ်းအား ပြည်ထွန်းကားဟူသည့်ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးတာဝန်များကို ကျရာကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဂီတလောကသားများအနေဖြင့် မြန်မာ့ဂီတကို တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ ဆန်းသစ်တီထွင် ရေးသားထုတ်လုပ်ရာတွင် အရိုးကို အရွက်မဖုံးစေဘဲ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ရိုးရာယဉ်ကျေးမှုကို အခြေခံ၍ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ အပန်းဖြေ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၆နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီး သဘာဝဥယျာဉ်အကြောင်း ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ကန်တော်ကြီး သဘာဝဥယျာဉ်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရှုခင်းအလှ

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းရှိ စိုက်ပျိုးရေးပြတိုက်၊ VIEW DECK ၊ သစ်တောဥယျာဉ်နှင့် ရှုခင်းအလှများကို လှည့်လည်ကြည့်ရှုလေ့လာ အပန်းဖြေကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာသို့ ရောက်ရှိကြရာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ စီမံကိန်းတာဝန်ခံက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် သာကေတမြို့နယ်ရှိ ရှုခင်းသာ အပန်းဖြေစခန်းသို့ရောက်ရှိကြပြီး လှည့်လည်ကြည့်ရှု အပန်းဖြေကြသည်။

(သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ကလေးများ၏ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူများ၏ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(စီ)၌ ကျင်းပရာ ပထမဆုကို လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ မောင်ရန်မျိုးအောင်၊ ဒုတိယဆုကို ကျောက်တံတားမြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းမှ မဣန္ဒြာနေမျိုး၊ တတိယဆုကို ကမာရွတ်မြို့နယ် အမှတ် (၂)အခြေခံပညာ မူလတန်းကျောင်းမှ မဝတ်ရည်ခိုင်မင်းနှင့် နှစ်သိမ့်ဆုကို ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ မသျှန်းအိမ်စည်တို့က ရရှိကြသည်။

ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတာဝန်ရှိသူများက ဆုများကို ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ် အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အုတ်ကျင်း (၇)လမ်းနေ ကွယ်လွန်သူ ဦးသိန်းထွန်းအား ရည်စူး၍ ဒေါ်သိန်းဦး၊ သမီး ဒေါ်စိန်လှ၊ ဒေါ်ဆွေဆွေဝင်းမိသားစုက အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပုဂံ-ညောင်ဦးမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ဗဟန်း၊ ကြားတောရလမ်း ရွှေနှင်းဆီ ဓမ္မဗိမာန်၌ ကျင်းပရာ အသင်းနာယက ဒေါ်တင်ရီ (တင်ရီမ-ညောင်ဦး)က တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မောင်သက်ဝင်းနိုင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။

(က-ပ)

✧ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာသုံးဆောင်

ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲတွင် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသံသာများ၊မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

တည်ခင်းဧည့်ခံ

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၆

(ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြန်မာ့ဆေးဝါးအတွက် အားထားစရာလင်ဇီးမှို
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	မင်းလွင်ပန်းချီပြပွဲ (Min Lwin Art Show)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	ရှမ်းဝတ်စားဆင်ယင်မှုပြကွက်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	အောင်မြေရွှေဘိုမြို့(အပိုင်း–၂)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အကြောင်းသိကောင်းစရာ (အပိုင်း–၁)
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၁၀း၁၀	သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	မင်းမသိသေးပါဘူးကွာ (ဇရာ၊ငှက်ပျောကြော်၊ ကြူကြူသင်း)
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	ဗွီစီဒီမိတ်ဆက် (တောင်တန်းမြေမှ တေးမှတ်တမ်း)
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	ချစ်သူများနေ့မှတ်မှတ်ရရ
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	ဆပ်ပြာစက်ရုံ(မန္တလေး)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	အဆင့်မြင့်လုံခြုံရေးနည်းပညာ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အမေရိကန်က အီရန်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ပါက လူများ ထောင်ချီ၍ သေဆုံးမည်ဟု အစီရင်ခံစာ၌ဖော်ပြ

လန်ဒန် ဖေဖော်ဝါရီ ၁၄

အီရန်နိုင်ငံက နျူကလီးယားလက်နက်များ ထုတ်လုပ်မှုမရှိစေရန် ကာကွယ်တားဆီးသည့်အနေဖြင့် အမေရိကန်က အီရန်နိုင်ငံကို လေကြောင်းမှ တိုက်ခိုက်ခဲ့လျှင် ထောင်နှင့်ချီသည့် စစ်ဘက်ဝန်ထမ်းများနှင့် အရပ်သားများ သေဆုံးနိုင်ကြောင်း ဗြိတိန်မှ အကြံပေးအဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရင်ဆိုင်တွေ့နိုင်

အီရန်နိုင်ငံကို အမေရိကန်က ဝင်ရောက် ဖုံးကြိတိုက်ခိုက်ခဲ့ပါက၊ သို့တည်းမဟုတ် ယင်း၏ အပေါင်းပါ အစ္စရေးတပ်ဖွဲ့များက တိုက်ခိုက်ခဲ့ပါက အီရန်နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ရှောင်တခင် ဝင်ရောက်တိုက်ခိုက်မှုကြောင့် အကာအကွယ်ယူထားနိုင်မှုမရှိဖြစ်သွားနိုင်ပြီး နောက်ဆုံးတွင် ဒေသအတွင်းရှိ အခြားနိုင်ငံများနှင့် ရေရှည် ထိပ်တိုက်ရင်ဆိုင်တွေ့နိုင်သည်ဟု အောက်စဖို့ဒ်၌ သုတေသနအုပ်စု၏ အစီရင်ခံစာတွင် ပါရှိသည်။

ယင်းတိုက်ခိုက်မှုကြောင့် ပင်လယ်ကွေ့ဒေသရှိ ဟော်မုဇ်ရေလက်ကြားတွင် အသွားအလာပိတ်သွားနိုင်ပြီး ရေနံဈေးနှုန်းများ ကြီးမြင့်သွားကာ တိုက်ခိုက်ရေးသမားများက အမေရိကန်၏ အကျိုးစီးပွားများကို နောက်ထပ်တိုက်ခိုက်ဖျက်ဆီးလာနိုင်သည်ဟု အစီရင်ခံစာက ဆိုသည်။

ဖော်ပြ

အမေရိကန်စစ်ဘက်က အီရန်နျူကလီးယား အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခြင်းဖြင့် စစ်ရေးအရ ရေရှည်ထိပ်တိုက်ရင်ဆိုင်မှု စတင်ပေါ်ပေါက်လာပြီး ယင်းကိစ္စတွင် အီရတ်၊ အစ္စရေး၊ လက်ဘနွန်၊ အမေရိကန်နှင့် အီရန်တို့ ပါဝင်ပတ်သက်လာကာ ပင်လယ်ကွေ့အနောက်ပိုင်းနိုင်ငံများလည်း ပါဝင်လာနိုင်သည်ဟု အစီရင်ခံစာက ဖော်ပြသည်။

အီရန်ကို တိုက်ခိုက်မှုကြောင့် စစ်ဘက်ဝန်ထမ်းများ ထောင်ချီသေဆုံးနိုင်သည်ဟု အစီရင်ခံစာတွင် ပါရှိသည်။

အရပ်သူ၊ အရပ်သား ရာပေါင်းများစွာ ထက်မနည်းလည်း သေဆုံးနိုင်ပြီး တိုက်ခိုက်မှုသည် ကျယ်ပြန့်သည့် စစ်ပွဲအဖြစ် ရောက်ရှိသွားခဲ့ပါက သေဆုံးသူဦးရေသည် ပိုမိုမြင့်မားလာနိုင်သည်ဟု ဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုမြို့ရှိ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေရာ ပင်လယ်ကမ်းခြေကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားထုတ်လုပ်ရာတွင် သုံးစွဲသည့်ပစ္စည်းများ ရောင်းချသော ဂျပန်ကော်ပိုရေးရှင်းအား ဝင်ရောက်ရှာဖွေ

တိုကျို ဖေဖော်ဝါရီ ၁၄

နျူကလီးယားလက်နက်များ ထုတ်လုပ်ရာတွင် သုံးစွဲသော ကိရိယာများကို တင်ပို့သည်ဟု ယူဆရသော ဂျပန်ကော်ပိုရေးရှင်းတစ်ခုကို ဖေဖော်ဝါရီ ၁၃ ရက်တွင် တိုကျိုရဲတပ်ဖွဲ့က ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်ဟု ဂျပန်သတင်းဌာနက ရေးသားဖော်ပြသည်။

အားဖြည့် ယူရေနီယမ် ထုတ်လုပ်ရာတွင် အသုံးပြုသော ပစ္စည်းကို တရားမဝင် ရောင်းချခဲ့သည်ဟု သံသယရှိ၍ ရှာဖွေခြင်းဖြစ်သည်။ထိုတိကျစွာ တိုင်းတာရေးကိရိယာများကို ထုတ်လုပ်သော မစ်ဆူတိုယို ကုမ္ပဏီသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ ယင်းပစ္စည်းများကို ရောင်းချခဲ့သည်ဟု ရဲတပ်ဖွဲ့က ယူဆထားကြောင်း သတင်းတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သေချာတိကျသော အချက်အလက်များ မပြောဆိုနိုင်ကြောင်း သိရပြီး ကုမ္ပဏီမှ တာဝန်ရှိသူများကလည်း မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်းမရှိဟု ဆိုသည်။

တည်ထောင်

တိုကျိုမြို့အနီး ကာဝါဆာကီပြည်နယ်ရှိ မစ်ဆူတိုယိုကော်ပိုရေးရှင်းကို ၁၉၃၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။

ထိုကုမ္ပဏီက ဂျပန်နိုင်ငံတွင် အလုပ်သမား ၂၃၀၀ နှင့် ပြည်ပတွင် အလုပ်သမား၂၀၀၀တို့ကိုခန့်ထားကာ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီဖြစ်သည်။

ရောင်းချခဲ့

သီးခြားဖြစ်ရပ်တစ်ခုတွင် ယာမာဟာ ယာဉ်ကုမ္ပဏီသည် တရုတ်နိုင်ငံသို့ ယခင်လက မောင်းသူမဲ့ ရဟတ်ယာဉ် အသေးစားများ ရောင်းချခဲ့သည်။ ထိုရဟတ်ယာဉ်များကို စစ်ဘက်ဆိုင်ရာတွင် သုံးစွဲရန်အတွက် ဖြစ်ကြောင်း ဂျပန်ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ချို့ယွင်းမှုရှိ

သီးနှံများကို ဆေးပက်ဖျန်းပေးနိုင်သော ယင်းရဟတ်ယာဉ် အာအမ်အေ အိစ်အလ် ၁၈၁ ကို ယာမာဟာကုမ္ပဏီက တရုတ်နိုင်ငံ ဘီစီအီးကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်များသည် နည်းပညာဆိုင်ရာ ချို့ယွင်းမှုရှိသည့်အတွက် ပြန်လည်ပြုပြင်ကာ စစ်ဘက်ဆိုင်ရာတွင် အသုံးချ၍ မရနိုင်ကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မီယက်နမ်တောင်ပိုင်း၌ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၂၀၀၀ နီးပါးရှိ

ဟန္နိုင်း ဖေဖော်ဝါရီ ၁၄

ဗီယက်နမ်နိုင်ငံတောင်ပိုင်း မိကွန်ဒ်တာဒေသ၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအစောပိုင်းကာလတွင် သွေးလွန်တုပ်ကွေး ကူးစက်ခံရသူ ၂၀၀၀ ခန့်ရှိကြောင်း၊ ထိုရောဂါဖြစ်ပွားသူထဲမှ တစ်ဦးသည် သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ဆိုင်ဂွန်လီဘီရေးရှင်း သတင်းစာက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဟာဂိုင်၊အန်ဂိုင်နှင့်ဒွန်သမ်ပြည်နယ်တို့မှ ပြည်သူများသည် ထိုရောဂါဝေဒနာများ ဖြစ်ပွားလျက်ရှိသည်။ ထိုပြည်နယ်များတွင် နေထိုင်သူများသည် ရာသီဥတုအခြေအနေနှင့် သိုလှောင်ထားသော ရေများမှ ခြင်များပေါက်ဖွားလာကြပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား ရခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ရောဂါကူးစက်မှုလျော့နည်းပပျောက်ရန်အတွက် ဒေသဆိုင်ရာ ကျန်းမာရေးအလုပ်သမားများသည် ခြင်ဆေးများပက်ဖျန်းခြင်းနှင့် အထူးသဖြင့် ပေါက်ဖွားမှုမရှိရန်အတွက်လည်း ဆောင်ရွက်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

တန်ဖိုးကြီးမှိုများခိုးယူသည့်ဂိုဏ်းအား ကယ်လီဖိုးနီးယားရဲအဖွဲ့က ဖမ်းဆီး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၄

ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း စိုက်ပျိုးမွေးမြူရေးခြံများမှ တန်ဖိုးကြီး မှိုများကို ခိုးယူသော ဂိုဏ်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဆန်တာဘာဘရာ ဒေသရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဖမ်းဆီး

ချန်တီရီလီမှိုများသည် နှစ်အတော်ကြာကပင် အခိုးခံနေရကြောင်း စိုက်ပျိုးရေးသမားများက တိုင်တန်းခဲ့သည်။ စိုက်ပျိုးမွေးမြူရေးခြံများရှိရာ အရပ်ဒေသ၌ပင် သင်္ကာမကင်းဖွယ်ရာ ကားတစ်စီးကို ရှာဖွေတွေ့ရှိပြီးနောက်ပိုင်း ထိုကားနှင့်ဆက်စပ်နေသူ သုံးဦးကို ပြီးခဲ့သော ရက်သတ္တပတ်က ဖမ်းဆီးခဲ့သည်။

ဆက်လက်ဖြစ်ပေါ်နိုင်

ယခုကဲ့သို့ မှိုသူခိုးများကို ဖမ်းဆီးနိုင်ခဲ့သော်လည်း ယင်းဒေသတွင် မှိုခိုးမှုများ ဆက်လက် ဖြစ်ပေါ်နိုင်သေးကြောင်း၊ သို့သော် မှိုခိုးမှုအရေအတွက်မှာမူ လျော့နည်းသွားနိုင်ကြောင်း ဆန်တာဘာဘရာခရိုင် ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ အီရစ်ခ်ရာနီက ပြောကြားသည်။

ကားနှင့်အတူ

အသက်(၅၂)နှစ်အရွယ်ရှိ ဂျိုဆက်ဖ်ဗိုင်ချိဒေးလ်၊ အသက်(၂၈)နှစ်အရွယ်ရှိ လူတတ်စ်ဗရာနာနှင့် အသက်(၂၄)နှစ်အရွယ်ရှိ မီဇမ်မစ်ခ်ဟာလီချိတို့ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ကို လော့စ်အိန်ဂျလိစ် အနောက်မြောက် ၁၃၅ မိုင်အကွာ ကာလီဖိုးနီးယားပြည်နယ် လွမ်ပို့ဒေသတွင် ရပ်တန့်ထားသော ကားနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မှိုထွက်ရှိရာဒေသများကို ဖော်ပြထားသော စာရွက်စာတမ်းများနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော်တန်ဖိုးရှိသော မှိုများရောင်းချထားသည့် အထောက်အထားများကိုပါ ရှာဖွေတွေ့ရှိရကြောင်း ရဲဌာနက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘရာဇီးနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူးဖြစ်လာမည့် မားကို့စ်ပွန်တက်စ် မော်စကိုမြို့ရှိ အာကာသလေ့ကျင့်ရေးစခန်း၌ လေ့ကျင့်မှုပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၁၃ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် ပါလီမန်အမတ်တစ်ဦး ပစ်ခတ်ခံရ ဘေးမသီရန်မခ လွတ်မြောက်လာ

ကဘူး ဖေဖော်ဝါရီ ၁၄

အာဖဂန်နစ္စတန်နိုင်ငံမှ အမျိုးသမီး ပါလီမန်အမတ်တစ်ဦး စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ၎င်းနေထိုင်ရာ ပါဝမ်ပြည်နယ်တွင် တနင်္ဂနွေနေ့ညနေက ပစ်ခတ်ခံခဲ့ရာ ၎င်းသည် ဘေးမသီရန်မခလွတ်မြောက်ခဲ့ပြီး ၎င်း၏ အစောင့်မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အမည်မသိသေနတ်သမားများက ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဆာလီဟာ ဆာဒတ်၏ မော်တော်ယာဉ်ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြသဖြင့် ၎င်း၏အစောင့်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် တူတမ်ဒါရာကျေးရွာတွင် ယမန်နေ့ညနေက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါ တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ အတည်ပြုပြောကြားသည်။

အာဖဂန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်လအတွင်း ပါလီမန်ဖွဲ့စည်းပြီးခဲ့သည့်နောက် ပါလီမန်အဖွဲ့ဝင်တစ်ဦး ယင်းသို့ တိုက်ခိုက်ခံခဲ့ရသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သစ်ပင်များ ပိုးကျမှုရှိ၊ မရှိ အနံ့ခံခွေးများဖြင့် ဖော်ထုတ်နိုင်

ဖရေဆင်(ဂျာမနီ) ဖေဖော်ဝါရီ ၁၄

ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် သစ်တောများ၌ ပေါက်ရောက်သော အပင်များကို ပိုးတောင်မာ (beetle) သတ္တဝါများက ကိုက်ဖြတ်စားသောက်ခြင်းဖြင့် သစ်ပင်များ ဆုံးရှုံးပျက်စီးနိုင်သည့် ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူရရှိနိုင်စေရန် ဂျာမနီနိုင်ငံ၌ အနံ့ခံခွေးများကို လေ့ကျင့်ပေးထားပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

ထင်ရှူးပင်တစ်မျိုး၏ သစ်ပင်အခေါက်ပေါ်တွင် ပိုးတောင်မာပိုးများ ကျရောက်ပါက ယင်းသစ်ပင် တစ်ပင်လုံး သေဆုံးနိုင်ကြောင်း၊ ပိုးတောင်မာသတ္တဝါများသည် တစ်ကောင်နှင့် တစ်ကောင်ကို အနံ့ဖြင့် ဆွဲဆောင်လေ့ရှိကြောင်း၊ ထင်းရှူးပင်များပိုးကျမှုကို အနံ့ခံခွေးများကသိရှိနိုင်သဖြင့် မည်သည့်အပင်ပိုးကျနေသည်ကို အလွယ်တကူသိရှိနိုင်စေရန် အနံ့ခံခွေးများကို အသုံးပြုနိုင်ကြောင်း မြူးနစ်မြို့အနီးရှိ ဝိုင်ဟန်စတီဖင်ကောလိပ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ဂျာမန်အကောက်ခွန်ဌာန အနံ့ခံခွေးလေ့ကျင့်ရေးကျောင်းမှ ခွေးနှစ်ကောင်ကို ရက်သတ္တ ၁၀ ပတ်မျှ ငှားရမ်းကာ လေ့ကျင့်ပေးပြီး သစ်ပင်များ ပိုးကျမှုရှိ၊ မရှိ အနံ့ခံခွေးများက အောင်မြင်စွာဖော်ထုတ်ပေးနိုင်သည်ကို တွေ့ရှိရသည်ဟုဆို၏။ အင်တာနက်။

အီဂျစ်နိုင်ငံတွင် သက်တမ်း နှစ် ၃၀၀၀ ရှိ ဂူဗိမာန်တွေ့ရှိ

လပ်ဆော(အီဂျစ်) ဖေဖော်ဝါရီ ၁၄

မျက်ခမ်းတွင် အနက်ရောင်ကာချယ်ဆိုးထားပြီး မျက်နှာတွင် လိမ်းခြယ် အလှပြင်ဆင်ထားကာ မျက်နှာဖုံးစွပ်ထားသည့် သက်တမ်းနှစ် ၃၀၀၀ ရှိ အမျိုးသမီး တစ်ဦး၏အလောင်းထားရှိရာ ဂူဗိမာန်တစ်ခုကို ဧကရာဇ်ဘုရင်များ တောင်ကြား ဒေသ၌ ဆယ်စုနှစ်ရှစ်စုတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိရ ကြောင်း အီဂျစ်အာဏာပိုင်များက ကမ္ဘာတစ်ဝန်းသို့ သောကြာနေ့တွင်ကြေညာ သည်။

အီဂျစ်ဖာရိုဘုရင်၏ နန်းတွင်းသူများဟု ယူဆရသည့် လူများအား စီရင် ထားသော အလောင်းငါးလောင်းကိုလည်း ယင်းဂူဗိမာန်တွင် ထည့်ထား သည်ကို အမေရိကန်ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာသူများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က အမင်မီဆီ၏ ဂူသင်္ချိုင်းအနီး၌ တွေ့ရှိခဲ့သည်။

မင်းဖစ်တက္ကသိုလ်လက်အောက်ရှိ စီမံကိန်းပူးတွဲညွှန်ကြားရေးမှူး အက်ဒွင် ဘရော့နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များသည် အခန်းတစ်ခန်းတည်းသာ ရှိသည့် အဆိုပါ ဂူဗိမာန်အတွင်းသို့ ဝင်ရောက်ခဲ့ခြင်း မရှိပေ။ သို့ရာတွင် တံခါးပေါက်တွင် တစ်ပေခန့်အမြင့်ရှိသည့် အပေါက်တစ်ပေါက် ဖောက်ခဲ့ပြီး ချောင်းမြောင်းကြည့် ခဲ့ရာ သစ်သားဖြင့်ပြုလုပ်ထားသည့်ခေါင်းတလားနှင့် ကျောက်ဖြူနှုဖြင့် ပြုလုပ်ထား သောအိုး ၂၀ ခန့်ကို မြင်တွေ့ခဲ့ရသည်။

ယခင်က ပြုလုပ်ထားခဲ့သည့်အတိုင်း အကောင်းပကတိရှိနေသည့် ဂူဗိမာန်ကို ရှာဖွေတွေ့ရှိမှုသည် အလွန်တရာအံ့သြဖွယ်ကောင်းလှကြောင်း၊ယင်းကဲ့သို့ဖြစ်မည် ဟု မိမိတို့ လုံးဝမျှော်လင့်ထားခြင်း မရှိကြောင်း အက်ဒွင်ဘရော့က ပြောကြား သည်။

အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂူဗိမာန်၏ အခန်းတွင်းတွင် ခေါင်းတလား တစ်လုံးတစ်ဖက်သို့လဲကျနေပြီး တံခါးပေါက်ရှိရာ လမ်းသို့ မျက်နှာချင်းဆိုင် အနေအထားဖြင့်ရှိနေသည်။ အသုဘအခမ်းအနားအဖြစ် တန်ဆာဆင်ထားသည့် မျက်နှာဖုံးစွပ်ထားသော အမျိုးသမီး၏ မျက်နှာပေါ်တွင် ဆေးရောင်ဖြင့် ခြယ်သ ထားသည်။ အမျိုးသမီး၏ ဆံကေသာသည် ပိတုန်းရောင်ပေါက်ကာရှည်လျားနေပြီး မျက်ခုံးများမှာ ကာချယ်ဖြင့် ဆိုးထားသည်ကို တွေ့ရသည်။ ယင်းအမျိုးသမီးတွင် ထူထဲသည့်ရွှေဆွဲကြိုးဆွဲထားသည်ကို တွေ့ရသည်။ သို့ရာတွင် ခေါင်းတလား၏ အောက်ထက်ဝက်ပိုင်းသည် ကျိုးပဲ့နေပြီး ဆွေးနေပြီဖြစ်သည်။

မြေအိုးကြီးများသည် အခန်းအတွင်းတန်းစီထားကြောင်း၊ ယင်းမြေအိုးကြီး များတွင် သေဆုံးသူ၏တမလွန် ဘဝအတွက် ဖူဖူလုံလုံရှိစေရန် ရည်စူးကာ စားနပ်ရိက္ခာများ ထည့်သွင်းထားကြောင်း အီဂျစ်ရှေးဟောင်း ပစ္စည်းဌာန အကြီးအကဲဖြစ်သူ ဇာဟီဟော်ဝက်စ်က သတင်းထောက်များကို ပြောကြားသည်။

အင်တာနက်။

အီဂျစ်နိုင်ငံ ဖာရိုဘုရင့်ဂူသင်္ချိုင်းနေရာတွင် ရှေးဟောင်းသုတေသီများ တူးဖော်နေကြသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလအတွင်းရေးမှူးချုပ်နေရာအတွက် တောင်ကိုရီးယားဝန်ကြီး အရွေးခံမည်

ဆိုးလ် ဖေဖော်ဝါရီ ၁၄

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဖြစ် အရွေးခံမည့် တောင်ကို ရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်း။

(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာအတွက် ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားရာ ကိုဖီအာနန်၏ ရာထူးကို ဆက်ခံရန်ကြေညာထားသည့် ကိုယ်စားလှယ်အနည်းငယ်အနက် ကိုယ်စားလှယ် တစ်ဦးဖြစ်လာပြီဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ငါးနှစ်ရာထူးသက်တမ်းသည် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ကုလသမဂ္ဂ၏ အစဉ်အလာအရ အတွင်းရေးမှူးချုပ်ရာထူးနေရာကို ယခုတစ်ကြိမ်လက်ခံမည့်သူမှာ အာရှတိုက်သားဖြစ်ရန် လိုအပ်သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏နေရာအတွက် အကောင်းဆုံးပုဂ္ဂိုလ်ကို ဒေသစွဲမရှိဘဲ ရွေးချယ်တင်မြှောက် သင့်သည်ဟု အမေရိကန်ကပြောကြားသည်။

အသက် (၆၁)နှစ်ရှိ ဘန်ကီမွန်းသည် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးအဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီလ နောက်ပိုင်းမှစတင်ဆောင်ရွက်လာသူဖြစ်ပြီး ကုလသမဂ္ဂဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီးအဖြစ်လည်း ဆောင်ရွက် ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးလုပ် ထောက်လှမ်းရေးကိရိယာများ တောင်ကိုရီးယား တိုက်လေယာဉ်များတွင် တပ်ဆင်မည်

ဆိုးလ် ဖေဖော်ဝါရီ ၁၄

ဂျက်တိုက်လေယာဉ်များတွင် အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်ထားသော လျှပ်စစ်မှန်ဘီလူး ထောက်လှမ်းရေး ကိရိယာတပ်ဆင်ရန် တောင်ကိုရီးယား နိုင်ငံကအစ္စရေးကုမ္ပဏီတစ်ခုကိုရွေးချယ် လိုက်ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟပ်သတင်းဌာနက ဖေဖော်ဝါရီ ၁၃ရက်တွင် ဖော်ပြသည်။

ထိုကိရိယာ တပ်ဆင်ရန်အတွက် အစ္စရေးနိုင်ငံ အလ်–အိပ်ကုမ္ပဏီနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဌာနတို့ သဘောတူညီမှု ရရှိထားကြ သည်။ ထိုပစ္စည်း တပ်ဆင်ရာတွင် ကုန်ကျ စရိတ် ၇၀ ဘီလီယံမှ ၈၀ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၂ သန်းမှ ၈၂သန်းအထိ)ကျခံသုံးစွဲရမည် ဖြစ်သည်။

ယင်းကိရိယာ၏ အမည်သည် အီးအို–အိပ်စ်ဖြစ်ပြီး ကီလိုမီတာ ၁၀၀ အကွာမှ ဓာတ်ပုံရိုက်ယူနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။

အမေရိကန် လေကြောင်းကုမ္ပဏီ ဖြစ်သော ဘိုးအင်းကုမ္ပဏီက ထုတ် လုပ်သော အက်စ်–၁၅ကေ အမျိုးအစား တိုက်ဂျက်လေယာဉ်သည် တောင်ကိုရီး ယားနိုင်ငံသို့ ၂၀၀၈ ခုနှစ် မတိုင်မီ ရောက်ရှိမည်ဖြစ်သည်။ ထိုဂျက် လေ ယာဉ်အချို့တွင် တပ်ဆင်ရန် အီးအို–အိပ်စ်ကိရိယာ ၁၀ ခုထက်မနည်း ဝယ်ယူရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားသည်။

ထိုပစ္စည်းများတပ်ဆင်ရန် ဈေးပြိုင် တင်ဒါခေါ်ယူရာတွင်အမေရိကန်ကုမ္ပဏီ နှစ်ခုနှင့်ပြင်သစ်ကုမ္ပဏီတစ်ခုကိုအစ္စရေး ကုမ္ပဏီက အနိုင်ရရှိခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ယခင် က အမေရိကန်နိုင်ငံထံမှသာ လက်နက် ပစ္စည်းများကို အများဆုံးဝယ်ယူခဲ့သည် ဟု သိရှိရသည်။ တောင်ကိုရီးယား နိုင်ငံသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ဥရောပ ကုမ္ပဏီထုတ် ရဟတ်ယာဉ် များကို ဝယ်ယူရန် ရွေးချယ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရေသန့်ဘူးခွံများ ဂေဟစနစ်ကို ထိခိုက်စေနိုင် အမှိုက်သရိုက်ပြဿနာ လေ့လာချက်တွင်ဖော်ပြ

ဂျက်ဒါ ဖေဖော်ဝါရီ ၁၄

ကျွန်ုပ်တို့သည် မျက်မှောက်ကာလ တွင် ရေသန့်ဘူးများကို သောက်သုံး သောဓလေ့ကို အစွဲကြီးစွဲလာကြ ပြီဖြစ်၍ ကျန်းမာရေးအတွက် ကောင်းမွန်သည် မှန်သော်လည်း ထိုရေပုလင်းခွံများကြောင့် ဖြစ်လာ သော ဆိုးကျိုးမှာ သဘာဝပတ်ဝန်း ကျင်ကို ထိခိုက်နိုင်ခြင်းပင်ဖြစ်ကြောင်း လေ့လာချက် တစ်ရပ်တွင် ဖော်ပြ သည်။

များပြားလာ

ကုန်လွန်ခဲ့သော ခြောက်နှစ်တာ ကာလအတွင်း သောက်ရေသန့် သောက်သုံးမှုသည် ကမ္ဘာတစ်လွှားတွင် နှစ်ဆမက တိုးတက်များပြားလာ ကြောင်း လေ့လာမှုတစ်ခုက ဆိုသည်။ ထိုမျှများပြားလာသော ဘူးခွံများကြောင့် သဘာဝဂေဟစနစ်ကို ဆိုးရွားစွာထိခိုက် စေနိုင်သည်ဆိုသော သတိပေးမှုများ ထွက်ပေါ်လာသည်။ အဆိုပါလေ့လာမှု ကို ဝါရှင်တန်မှကမ္ဘာ့မူဝါဒအဖွဲ့အစည်း ခေါ် အုပ်စုတစ်ခုက ပြုလုပ်ခြင်း ဖြစ်သည်။

မလိုအပ်ဘဲ

ကမ္ဘာ့အချို့နေရာများ၌ ဘုံပိုင်ရေကို စိတ်ချစွာသောက်သုံးနိုင်လောက်အောင် သန့်ရှင်းမှုရှိသည်။ သို့သော် ထိုနေရာ မျိုး၌ပင် မလိုအပ်ဘဲရေသန့်ကို သောက် သုံးနေကြသဖြင့် ဘူးခွံများကြောင့် အမှိုက်များပိုလာရသည့်အပြင် စွမ်းအင် များကိုလည်း အလဟဿဖြုန်းတီးရာ ကျသည်။

အပိုသုံး

ရေသန့်ဘူးခွံ ပလတ်စတစ်များမှာ ရေနံမှဖန်တီးယူရသော(ပေါ်လီအက်သ လင်းတယရီသားလိတ်ခေါ် ပလတ် စတစ်) ပစ္စည်းတစ်မျိုးဖြစ်၍ လောင်စာ ရေနံကို အပိုသုံးပစ်လိုက်သကဲ့သို့ ရှိ သည်။ ဥရောပနိုင်ငံများ၌ ရေသန့် တစ်လီတာအတွက် ပေးရသောဈေးနှုန်း သည် ဓာတ်ဆီဈေးထက်ပင် ကြီးမြင့် နေသည်။ ၂၀၀၄ ခုနှစ်တွင် အမေရိကန် နိုင်ငံတွင် ရေသန့်လီတာ ၂၆ ဘီလီယံ၊ မက္ကဆီကိုနိုင်ငံတွင် လီတာ ၁၈ ဘီလီယံ နှင့် တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ တွင် လီတာ ၁၂ ဘီလီယံအသီးသီး သောက်သုံးခဲ့ကြသည်။

တစ်ဦးကျ

ကမ္ဘာပေါ်၌ တစ်ဦးကျ ရေသန့် သောက်သုံးမှုတွင် အီတလီက ၁၈၄ လီတာဖြင့် ထိပ်ဆုံးမှရှိသည်။ မက္ကဆီကို ၏ တစ်ဦးကျသောက်သုံးမှုမှာ ၁၆၉ လီတာရှိပြီး အာရပ်စော်ဘွားများ ပြည်ထောင်စုမှာ ၁၆၄ လီတာ အသီး သီးရှိသည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ် သောက်သုံးသော ရေသန့်များကို ထည့်ရန် ပလတ်စတစ်ဘူးများကို ထုတ် လုပ်နိုင်ရေးအတွက် ရေနံစိမ်း စည် ပေါင်း ၁ ဒသမ ၅သန်းကို သုံးစွဲရ ကြောင်း၊ ထိုပမာဏသည် ကားစီးရေ ၁၀၀၀၀၀ အတွက် တစ်နှစ်စာ လောင် စာနှင့် ညီမျှကြောင်း လေ့လာချက်အစီ ရင်ခံစာကဆိုသည်။

လူတို့သည် သောက်ရေသန့်ကို သောက်သုံးပြီးနောက် ဘူးခွံများကို အမှိုက်သရိုက်အဖြစ် စွန့်ပစ်ကြသည်။ ထိုပလတ်စတစ်များသည် အခြားပစ္စည်း များကဲ့သို့ အလွယ်တကူ ဆွေးမြည့်ကာ ပျက်စီးသွားခြင်းမရှိပေ။ ဇီဝသဘော အရ ယင်းပလတ်စတစ်ဘူးများ ပျက်စီး သွားစေရန် အနှစ် ၁၀၀၀ မျှကြာသည် ဟုဆိုသည်။ သို့ဖြစ်၍ ပလတ်စတစ် အမှိုက်များ များသည်ထက်များလာလျှင် ပတ်ဝန်းကျင်ဂေဟစနစ်ကိုပါ ထိခိုက် စေနိုင်ကြောင်း အစီရင်ခံစာက သတိ ပေးထားသည်။

အင်တာနက်။

သဘာဝဂေဟစနစ်ကို ပျက်ယွင်းစေမည့် ပလတ်စတစ်ရေသန့်ဘူးခွံများ ကို ဆန်ဖရန်စစ္စကိုမြို့ရှိ ပြန်လည်ကြိတ်ဝါးထုတ်လုပ်ရေးစက်ရုံတွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ငါးမန်းအကိုက်ခံရမှု ကမ္ဘာတွင် လျော့နည်းသွားပြီ

ဂရင်းဗယ်လီ ဖေဖော်ဝါရီ ၁၄

ကမ္ဘာတစ်ဝန်းတွင် ငါးမန်းသတ္တဝါက လူကိုရန်မူ တိုက်ခိုက်သည့်ဖြစ်ရပ်များမှာ ယခုအခါလျော့နည်းသွား ကြောင်း သုတေသီများက အင်္ဂါနေ့တွင် ပြောကြားသည်။

ငါးမန်းက လူကိုရန်မူတိုက်ခိုက်သည့်ဖြစ်ရပ်များ မှာ ၂၀၀၄ ခုနှစ်က ၆၅ ကြိမ်ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ် တွင် ၅၈ ကြိမ်အထိလျော့နည်းသွားကြောင်း၊ငါးမန်းတိုက်ခိုက် မှုကြောင့် သေဆုံးရသူဦးရေမှာ ၂၀၀၄ခုနှစ်တွင် ခုနစ်ဦး ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် လေးဦးအထိ ကျဆင်းသွား ကြောင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် သဘာဝ သမိုင်းပြတိုက်ရှိ နိုင်ငံတကာ ငါးမန်းတိုက်ခိုက်မှုလေ့လာ ရေးအဖွဲ့မှညွှန်ကြားရေးမှူးဂျော့ဂျ်ဘားဂတ်စ်ကပြောကြား သည်။

အင်တာနက်။

ဦးခိုက်ပူဇော် ဆံတော်ရှင်မြတ်မော်တင်စေတီတော်

ဆံတော်ရှင် မြတ်မော်တင်စေတီတော်

မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်အား ဖူးတွေ့ရစဉ်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးစေတီဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင် စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်၊ မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဆုံး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ဖြစ်ပါသည်။ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက် ဖူးမြော်ရာဌာနဖြစ်ကြောင်း ဗုဒ္ဓဝင်၌ လာရှိကြောင်းသိရသည်။

ဧရာဝတီတိုင်း ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်ရှိ တန်ခိုးကြီး သာသနာ့သမိုင်းဝင် မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင် စေတီတော်မြတ်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ (၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၁၃ ရက်နေ့အထိ) ၁၅ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပေသည်။

ဆံတော်ရှင် မြတ်မော်တင် စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် နှစ်ထပ်ရေယာဉ်ကြီးများကို ၂၆-၂-၂၀၀၆မှ ၁၃-၃-၂၀၀၆ (တပေါင်းလပြည့်နေ့)အထိ ရန်ကုန်မှ ၂၅၈ မိုင်ဝေးကွာသော ခမောက်မော်သို့ ပြေးဆွဲပေးမည်ဖြစ်ပါသည်။ ရန်ကုန်မြို့ လမ်းသစ်တံတားမှ နေ့စဉ် ညနေ ၃ နာရီမှစ၍ ရန်ကုန်-မအူပင် - ဝါးခယ်မ - မြောင်းမြ -ပုသိမ်-ငပုတော-ဟိုင်းကြီး-ခမောက်မော် ခရီးစဉ်ဖြင့် တစ်ဦးလျှင် ရိုးရိုးတန်း ကျပ် ၂၁၅၀၊ ပထမတန်း ကျပ် ၇၇၅၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။ လမ်းသစ်တံတားလက်မှတ်ရုံတွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ရက်ကြိုရောင်းပြီး နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ နေ့ချင်းရောင်းချပေးမည်ဖြစ်ပေသည်။ ပုသိမ်သို့ နောက်တစ်နေ့နံနက်တွင် ရောက်ရှိမည်ဖြစ်သည်။ ပုသိမ်မှ နံနက် ၁၀ နာရီတွင် ထွက်ခွာလျှင် ခမောက်မော်သို့ ညနေ ၅ နာရီတွင် ရောက်ရှိပြီး တစ်ဆက်တည်းမှာပင် ဆံတော်ရှင်မြတ်မော်တင်စေတီသို့ ရောက်ရှိမည်ဖြစ်ပါသည်။ ခမောက်မော်မှ နံနက် ၈ နာရီ သင်္ဘောထွက်ခွာလျှင် နောက်တစ်နေ့နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သဖြင့် သွားရေးလာရေး အထူးလွယ်ကူလှပေသည်။

ဘုရားပွဲတော်သို့ သွားရောက်မည့်သင်္ဘောများ၏ ခေါင်မိုးပေါ်တွင် သာသနာ့အလံများ၊ ပလတ်စတစ် ပူဖောင်းများကို ဝါးခက်များဖြင့် တင့်တယ်လှပစွာ ပန်းဖွားဆင်ထားတတ်ပါသည်။ အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက် ဘုရားဖူးနိုင်ပါသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံ အရပ်ရပ်မှ လာရောက်ဖူးမြော်သည့်အခါတွင် ဘုရားဖူးများ စိတ်အေး ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက်လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားပါသည်။ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးကအစ ဆောင်ရွက်ပေးထားသည်။ ခမောက်မော်မှ မော်တင်စွန်းစေတီအရောက် မော်တော်ယာဉ်လိုင်းပေါင်းစုံမှလည်း ယာဉ်အမျိုးမျိုးဖြင့် ပြေးဆွဲပေးမည်ဖြစ်သည်။ တည်းခိုခန်းများမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင်ရှိ၍ ပင်လယ်ရေပြင်၏အလှ၊ သဘာဝနှင့် ပနံရတင့်တယ်လျက်ရှိသည်။ ပျော်ပွဲရွှင်ပွဲများ၊ ရုပ်ရှင်ဗီဒီယို၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးမည် ဖြစ်ပေသည်။

ခမောက်မော်ဆိပ်ကမ်းတွင် စာတိုက်နှင့် ဆက်သွယ်ရေးစခန်းများလည်းရှိရာ ဘုရားဖူးများအတွက် အဆင်ပြေပေသည်။ ဘုရားဖူးပြည်သူများ ကျန်းမာရေး

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

နှင့် လုံခြုံရေးကို မြို့နယ်၊ ကျေးရွာ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ သူနာပြုဆရာ၊ ဆရာမများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပြတ် စောင့်ရှောက်ပေးရန် စီစဉ်ထားသည်။

ဆံတော်ရှင် မြတ်မော်တင်စေတီကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာ ဘုရား၏ ဆံတော်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာခဲ့သည်။ ထိုဆံတော်များအနက် ဆံတော်နှစ်ဆူကို ဧယျသေနနဂါးမင်းသည် ရယူခဲ့ပြီး လူနတ်ဗြဟ္မာသတ္တဝါတို့၏ အကျိုးများဖွယ်ကိုးကွယ်ရာသာ ဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရေးအခါ သရဏတောင် ယခု မော်တင်စွန်းကို တွေ့မြင်၍ ဝမ်းသာအားရစွာဖြင့် ထိုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီမြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ အလွန်ကြည်ညိုခဲ့သော စေတီဖြစ်ရာ နံနက်နှင့် ညနေချမ်းအချိန်အခါများတွင် ဧယျသေနနဂါးမင်း အမှူးပြုသော ရေနတ်နဂါးတို့သည်စေတီတော်၏ အနောက်တောင်ဘက်လမ်းမှ ဝတ္ထုပစ္စည်းများ ယူဆောင်ကာ ပူဇော်မှုပြုခဲ့ကြသဖြင့် ထိုလမ်းကို နဂါးလမ်းဟူ၍လည်းကောင်း၊ ဆင်ဖြူတော်တို့သည် စေတီတော်တောင်ဘက်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြသဖြင့် စေတီတော်၏ တောင်ဘက်လမ်းကို ဆင်ဖြူတော်လမ်းဟူ၍ လည်းကောင်း၊ ဝိဇ္ဇာဓိုရ်ရိပုဂ္ဂိုလ်တို့သည် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် စေတီတော်၏ အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ခဲ့ကြ၍ စေတီတော်၏ အရှေ့တောင်လမ်းကို ဝိဇ္ဇာဓိုရ်လမ်း ဟူ၍လည်းကောင်း ခေါ်တွင်ခဲ့ကြပေသည်။

အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်စဉ် မော်တင်စွန်းသို့ ရောက်ခဲ့ရာ အလောင်းစည်သူမင်းကြီး၏ ဖောင်တော်ဦးတည်ရာ နေရာအရပ်တွင် အခြားမင်းတို့ဆက်သသော မြတ်စွာဘုရား၏ သရီရဓာတ်တော်အချို့ကို ဌာပနာပြု၍ မြသားစေတီကို သက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလပြည့်နေ့တွင် လူတစ်ရစ်၊ နတ်တစ်ရစ်၊ နဂါးတစ်ရစ်ဖြင့် အလောင်းစည်သူမင်းကြီးကိုယ်တိုင် ဦးဆောင်၍ တည်ထားတော်မူခဲ့သည့်ဘုရားများကိုလည်း ဖူးမြော်နိုင်ပေသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် ထူးကဲသော အံ့ဖွယ်များရှိလေသည်။ လပြည့်လကွယ်နေ့များတွင် ရောင်ခြည်တော် လွှတ်လေ့ရှိခြင်း၊ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့များ ကြိုင်လှိုင်သင်းလျက်ရှိခြင်း၊ ခေါင်းလောင်းများ မတီးဘဲမြည်တတ်ခြင်း၊ တောင်ကုန်းနှင့် ပရဝဏ်တို့တွင် ရာသီပန်းတို့ မပြတ်ပွင့်ခြင်း၊ ညအခါ စေတီတော်အား တစ်ယောက်တည်းအဓိဋ္ဌာန်ပြု၍ ခုနစ်ပတ်ရစ်ပတ်ပါက ရွှေသံ၊ ငွေသံကြားရခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်းက နယ်ချဲ့တို့အမြောက်၊ ဗုံး၊ စစ်သေနတ်ကျည်များ ပစ်ခတ်သော်လည်း ကျည်ဆန်တစ်ခုမျှမခခြင်း၊ ယခုထက်တိုင် ဆွမ်းများ ရုံဖန်ရုံခါ ဦးအောင်မတင်နိုင်ခြင်း၊ လပြည့်လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံဗုံသံစသော တူရိယာအမျိုးမျိုး၏ အသံများကို အရုဏ်ဦး အခါသမယတို့တွင် ကြားရတတ်ခြင်း၊ ဘေးအန္တရာယ်များ ကျရောက်လာပါက စေတီတော်မြတ်ကြီးအား အာရုံပြု၍ ဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်များမှ လွတ်ကင်းခြင်း၊ ဘုရားပွဲတော်ကြီးတွင် လူထောင်သောင်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း၊ တပေါင်းပွဲတော်ကြီး ကျင်းပခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ တောင်တော်နှင့် စေတီတော်အား ပျံဝဲကြခြင်း၊ ဘုရားပွဲတော်တွင် လူအပေါင်း ထောင်သောင်းချီ၍ လာရောက်သော်လည်း တောင်တော်တွင် လူပြည့်သည်ဟူ၍ မရှိခြင်း၊ စေတီတော်၏ရင်ပြင်တွင် ယုံကြည်စွာဖြင့် သစ္စာအဓိဋ္ဌာန်ပြု၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံများ ကြားရခြင်း၊ စေတီတော်ကို အဝေးမှဖူးတွေ့ရလျှင် စေတီတော်ပရဝဏ်သို့ ကြည်ညိုစိတ်ဖြင့်ရောက်ရှိပြီး ဖူးမြော်ဦးခိုက်လျှင် ကာယသုခ၊ စိတ္တသုခ နှစ်ပါးစလုံး ချမ်းမြေ့ကြည်နူးရခြင်း စသည်တို့မှာ စေတီတော်မြတ်ကြီး၏ အံ့ဖွယ်တန်ခိုးတော်များပင် ဖြစ်ပေသည်။

မြတ်မော်တင်စေတီတော်ကို ဖူးမြော်ရင်း ဧရာဝတီတိုင်း၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့်စိုက်ခင်းများကို ရှုမြင်ခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများနှင့်ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် ကျေးရွာများ စသည်တို့ကို တအံ့တသြတွေ့ရှိရမည့်အပြင် ဒေသန္တရဗဟုသုတများလည်း များစွာရရှိမည်ဖြစ်ပါသည်။

မြတ်မော်တင်စေတီသို့ ရန်ကုန်မြို့မှ မော်တော်ကား၊ သင်္ဘောများဖြင့် သွားလာနိုင်သကဲ့သို့ ပုသိမ်မြို့မှ ၁၀၁ မိုင် သုံးဖာလုံ ကွာဝေးသော ကားလမ်းရှိရာ မော်တော်ကားများဖြင့်လည်း သွားလာနိုင်ပေသည်။ ၈၆ မိုင်ကွာဝေးသော ပုသိမ်မှ ခမောက်မော်သို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်ကြီးများဖြင့် သွားလာနိုင်ပါသည်။ အဆိုပါခရီးစဉ်တွင် စိတ်ရွှင်လန်းမှုဖြစ်ရခြင်း၊ ကျန်းမာရေးကို အထူးအထောက်အပံ့ပေးသော ပင်လယ်လေ လေကောင်းလေသန့်များကို ရှုရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ သဘာဝရေချိုး၍ အုန်းရည်ချိုချိုလေးများ သောက်ရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရဝယ်ယူရရှိနိုင်ခြင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူတို့၏ ပျူပျူငှာငှာ ဧည့်ဝတ်ကျေပွန်မှုကို တွေ့မြင်ခံစားနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ မြွေတောင်(ခေါ်) ငွေတောင်တွင် ရေချိုးရသည်များမှာ လွန်စွာ ပျော်ရွှင်မှုကို ဖြစ်စေပါသည်။

ယခုနှစ်တွင် ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်အား ရွှေစင်ရွှေသားများ ကပ်လှူပူဇော်ထားခြင်း၊ အရံစေတီ ၁၆ ဆူတို့အား ထီးတော်အသစ်များ တင်လှူခဲ့ခြင်း၊ သာသနိက အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည်ပြုပြင်ထားသည့်အတွက် သပ္ပာယ်စွာ ဖူးမြော်ရမည် ဖြစ်ပေသည်။ ယင်းသို့ အဘက်ဘက်မှ ပြည့်စုံစွာ စီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋ္ဌရုံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြစေလိုကြောင်း စေတနာရှေ့ထား ရေးသားလိုက်ရပါသည်။ ။

ဗလကျော်သူရေယာဉ်အား တွေ့ရစဉ်။

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မော်တော်ယာဉ်လှူဒါန်းခြင်း အခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရွှေသံလွင်ကုမ္ပဏီလီမိတက်က မော်တော်ယာဉ်လှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေသံလွင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းက လှူနာတင်မော်တော်ယာဉ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျေးဇူးတင်စကားပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းထံ ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်သည်။ ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းက မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံ လွှဲပြောင်းပေးအပ်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရွှေသံလွင်ကုမ္ပဏီလီမိတက်မှ လှူဒါန်းသော မော်တော်ယာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။
(ပို့ဆောင်ရေး)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖေဖော်ဝါရီ ၁၅ရက်က တပ်မတော်ခန်းမ၌ အဋ္ဌမနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd. **၏အစီအစဉ်ဖြင့် အလယ်တန်းအဆင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုသင်ကြားခြင်း စွမ်းရည်ပြိုင်ပွဲတွင် အထက(၁)လှိုင်မှ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြစဉ်။** (ပညာရေး)

ပြည်ထောင်စုနေ့ပြပွဲ အဋ္ဌမနေ့ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူး၍ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အဋ္ဌမနေ့အဖြစ် ဆက်လက် ခင်းကျင်း ပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ခင်းကျင်းပြသ

ပြပွဲတွင် စွမ်းအင်ဝန်ကြီးဌာနပြခန်း၌ ပြည်နယ်နှင့် တိုင်းများသို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ ဖြန့်ဖြူးရေးလမ်းကြောင်းပြမြေပုံ၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်း၏ နှစ်အလိုက် စက်သုံးဆီဖြန့်ဖြူးမှုအခြေအနေ၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်များ၊ ကမ္ဘာ့ရေနံဈေးနှုန်းများ (၁၈၆၀-၂၀၀၅)၊ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ တိုင်းအသီးသီးရှိ စက်ရုံများတည်နေရာပြမြေပုံ၊ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း တိုင်းအသီးသီး၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုကုန်ထုတ် လုပ်ပေးနေသော စက်ရုံ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ပြည်နယ်နှင့် တိုင်းအသီးသီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုနိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း၊ ခြံစည်းရိုး ကြက်ဆူဆီကို ဇီဝစက်သုံးဆီအဖြစ် ဒီဇယ်ဆီအစားထိုး လေ့လာသုတေသနပြုလုပ်ငန်း၊ မြန်မာနိုင်ငံ ကမ်းလွန်ဒေသ ရေနံရှာဖွေရေး အောင်မြင်မှုများ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းမှုများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေမှု မှတ်တမ်းဓာတ်ပုံများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်မှုလုပ်ငန်းများကို ရုပ်ပုံကားချပ်၊ ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှု ပြကွက်တွင် ချင်းပြည်နယ်ပြခန်း၌ ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပွဲတော်များ၊ ချင်းပြည်နယ်မြေပုံ၊ ချင်းတိုင်းရင်းသားမျိုးနွယ်များ၊ ချင်းပြည်နယ် မြို့တော်၊ ချင်းပြည်နယ် လူမျိုးအလိုက် ခန့်မှန်းဦးရေများကို ဓာတ်ပုံ၊ မြေပုံများဖြင့် စနစ်တကျ ပြသထားသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd. ၏ အစီအစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာ အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ကြသည်။

ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆

အချိန် - နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

တွံတေး အရှင်ကုဏ္ဍလ တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

တွံတေး အရှင်ကုဏ္ဍလ (ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ) ဆရာတော်သည် ဖေဖော်ဝါရီ ၁၆ရက်နှင့် ၁၇ရက်တွင် ရန်အောင်မြင် ဆွမ်းသိမ်းပွဲ မိတ္ထီလာ၊ ၁၈ရက်တွင် ရန်ကုန်ဓမ္မသဘင်၊ ၁၉ရက်တွင် ဆည်းဆာပွဲအဖြစ် ကျိုက်ဝိုင်း၊ ဒက္ခိဏာရုံကျောင်း၊ ညတရားပွဲအဖြစ် မြောက်ဥက္ကလာ ကုန္ဒြာ(၁)လမ်း၊ လမ်းဖွင့်ပွဲ၊ ၂၀ရက်တွင် သိရီမင်္ဂလာ မဟာစည်ရိပ်သာနေ့ပွဲ၊ ညပွဲ ရွှေပြည်သာ၊ (၃/၁၈) ရပ်ကွက် ဈေး ၁၈လမ်းထိပ်၊ ၂၁ရက်တွင် တောင်ဥက္ကလာ ဓမ္မသဘင် (ညပွဲ)၊ ၂၂ရက်တွင် တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက်၊ ၂၆ ရက်တွင် မြောက်ဥက္ကလာပ (၃)ရပ်ကွက် ခေမာကျောင်းလမ်းတို့၌ တရားများ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အထက ကျောက်တံတား အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အထက ကျောက်တံတား ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက်၉နာရီတွင် အထက ကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ဆရာမ ဒေါ်စန်းစန်း၊ ဒေါ်ညွန့်ညွန့်ထွေး၊ ဒေါ်သန်းမြင့် (အထက၊ ကျောက်တံတား)၊ ကိုအောင်လင်း ၅၄၆၁၆၅၊ ကိုသူရိန်ထွန်း ၀၉၉၉-၂၀၅၉၄၊ ကိုညိုမင်းလွင် ၂၄၆၈၃၅၊ မပိုးပိုးအောင်၊ ကိုကြီးစိုးအောင် ၇၂၇၈၇၂၊ မလင်းလင်းထွန်း၊ မသန္တာထွန်း ၂၅၄၁၅၂ နှင့် ကိုကျော်ဖြိုးဝေ ၀၉-၅၁-၄၄၀၅၉ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျိုက်ပေါလောဘုရားလမ်း ကတ္တရာတိုးချဲ့ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၁ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

AIR BAGAN မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd. **က အဓိက ကူညီပံ့ပိုးသော ၂၀၀၅-၂၀၀၆ ခုနှစ်** Air Bagan **မြန်မာ-ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။**

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer ပြိုင်ပွဲ၌ ဇော်ဇော်လတ် (Srixon) ကပင် ၇၀+၇၃ပေါင်း ၁၄၃ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

Kwanchai Tannin (ထိုင်း)က ၇၆+၆၈ နှင့် စိုးကျော်နိုင် (Srixon) က ၇၃+၇၁ ပေါင်း ၁၄၄ ချက်စီဖြင့် ဒုတိယပူးတွဲလိုက်ကြပြီး အောင်ဝင်း YCDC (Srixon) က ၇၃+၇၄ပေါင်း ၁၄၇ ချက်ဖြင့် တတိယလိုက်နေသည်။

Amateur အဆင့်ပြိုင်ပွဲတွင် နိုင်နိုင်လင်းက နှစ်ရက်ပေါင်း လေးချက်လျော့ရိုက်ပြီး ၇၁+၆၉ ပေါင်း ၁၄၀ ချက်ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

အောင်ဝင်း (သစ်တောရေးရာဝန်ကြီးဌာန) က ၇၅+၇၀ပေါင်း ၁၄၅ ချက်ဖြင့် ဒုတိယလိုက်ကာ Derek Htet Doe က ၇၅+၇၅ ပေါင်း ၁၅၀ ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Air Bagan Ltd. ဖြစ်ပြီး Official Bank အဖြစ် KBZ Ltd. က ဖြစ်၍ Co Sponsors များအဖြစ် Myanmar Brewery Ltd.၊ Myanmar Treasure Resort Hotel၊ Aureum Palace Hotel Resort၊ Srixon၊ Yangon Golf Club၊ Kachin Golfers Group၊ Jade Land Myanmar Co., Ltd.၊ Max Myanmar Co.,Ltd.နှင့် London တို့က အသီးသီး ပါဝင်ကူညီကြကာ သတ္တမပွဲစဉ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီ ၁၆ရက် နံနက် ၇နာရီခွဲတွင် တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

အခမ်းအနားတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက်နှင့် တောင်စလင်းတိုက်တို့မှ သံဃာတော်အပါး ၂၀၀ နှင့် မန္တလေးမြို့ပေါ်ကျောင်းတိုက်များမှ ဆွမ်းခံသံဃာတော်များ အပါအဝင် စုစုပေါင်း သံဃာတော်အပါး ၇၀၀ ကျော်တို့အား နှမ်းမနဲနှင့် သစ်သီးများ လောင်းလှူကြကြောင်း သိရသည်။

နံနက် ၈ နာရီတွင် တိုင်းမှူးသည် မန္တလေးမြို့ ကန်တော်ကြီး အပန်းဖြေဥယျာဉ်အဝင်မုခ်ဦး၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် မန္တလေးတိုင်း အတွင်းရှိ မြို့နယ် ၃၁ မြို့နယ်မှ ပြိုင်ပွဲ ၁၉ မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံနှင့် ပန်းမန်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ကြီးဌာနများအောက်ရှိ ဌာနဆိုင်ရာ ပြခန်းများ ခင်းကျင်းပြသထားမှုနှင့် စိုက်ပျိုးရေးဆိုင်ရာပုဂ္ဂလိကကုမ္ပဏီများ၏ ပြခန်းများ ခင်းကျင်း ပြသ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရအသင်းများအား မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မွန်းလွဲ ၃နာရီတွင် အဆိုပါပြပွဲပြိုင်ပွဲ ဆုပေးပွဲကို အပန်းဖြေဥယျာဉ်ရှိမင်္ဂလာခန်းမ၌ကျင်းပရာ ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြိုင်ပွဲဝင်ဝန်ကြီးဌာနများအလိုက် ခင်းကျင်းပြသထားသည့် ပြခန်း ၁၃ခန်းကိုလည်းကောင်း၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ကုမ္ပဏီများအလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများကိုလည်းကောင်း၊ ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ပြီးနောက် ပြိုင်ပွဲကျင်းပခြင်းနှင့် ဆုရရှိမှုအခြေအနေများကို ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြိုင်ပွဲ အမျိုးအစားများအလိုက် ပထမ၊ဒုတိယနှင့် အထူးဆုရရှိသူများအား အကဲဖြတ်ဒိုင်အဖွဲ့နှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီနာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး တံခွန်စိုက်ဆုဖလားရရှိသော ဦးကျော်နိုင်ဝင်း (ဂ)မိုင် စိုက်ပျိုးရေးခြံအား မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

စတုတ္ထအကြိမ်မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြပွဲ ပြိုင်ပွဲကို ရည်ရွယ်ချက် (၅)ချက်ဖြင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ၁၉ မျိုး၌ ပြိုင်ပွဲဝင်စုစုပေါင်း ၅၂၈ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြပွဲတွင် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာ ပြခန်း ၃၃ ခန်း၊ ပန်းပျိုးပင် အရောင်းဆိုင်ခန်း ၃၅ ခန်းနှင့် စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်း အရောင်းဆိုင်များကို ဖေဖော်ဝါရီ ၁၂ရက်မှ ၁၈ရက်အထိခင်းကျင်းပြသထားမည်ဖြစ်ပြီး ပြပွဲလာပြည်သူများအား နေ့စဉ် ည၇နာရီမှ ၁၀နာရီအထိ တေးဂီတအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးသည် မဟာအောင်မြေ မြို့နယ်မဏိရတနာရာမ မြတောင်ကျောင်းတိုက် သာသနပါလ ရွှေဝါဝင်းကျောင်း၌ ကျင်းပသည့် သာသနပါလ ရွှေဝါဝင်းကျောင်း သာသနာပြုသက်တမ်း နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုသဘင် အခမ်းအနားသို့ တက်ရောက်ကြည်ညိုရာ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းတောင် မဟာရတနာဘုံမိစံ မြတောင်ချောင် သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တ ဓမ္မာလောက အမှူးပြုသော နာယက ဆရာတော်ကြီး၁၀ပါးနှင့် မဏိရတနာရာမ မြတောင်ကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်အပါး၁၀၀တို့ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် တိုင်းမှူးက ရွှေရတု မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ရွှေဝါဝင်း ကျောင်းဆရာတော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေရတုမော်ကွန်းကျောက်စာကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) သက်တော်ရှည် မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်အခမ်းအနားကို ရာပြည့်ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဖြူးမြို့ မဟာစည်သာသနာ့ရိပ်သာနယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ သောမနသာရက ရွှေရတုသဘင် အဖွင့်ဂါထာကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းတောင် မဟာရတနာဘုံမိစံမြတောင်ချောင် သက်တော်ရှည်ဆရာ ဘဒ္ဒန္တ ဓမ္မလောကထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြ၍မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသထံမှသြဝါဒကထာနာကြားကြသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် မင်္ဂလာရာမရွှေဘိုတိုက် နယ်လှည့်ဓမ္မကထိက ရွှေစည်အရှင် နန္ဒာသီရိက ရွှေရတုသဘင်ထုတ် ဝေဒလ္လဂါထာကို ဖတ်ကြားလျှောက်ထားသည်။

မှတ်တမ်းဖတ်ကြား

ဆက်လက်၍ ရွှေရတုသဘင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ သာယာဝင်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသာဂရာဘိဝံသက ရွှေဝါဝင်းကျောင်း သာသနာပြုသက်တမ်း နှစ်(၅၀)အတွင်း၌ ဝါဆိုသံဃာ စာရင်းအကျဉ်းချုပ်နှင့် ပရိယတ္တိအောင်မြင်မှု မှတ်တမ်းကို ဖတ်ကြား၍ ကျေးဇူးတင်စကားလျှောက်ထားပြီး ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ် တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် မြတောင်ကျောင်းတိုက်ကြီး၏ အဓိပတိသြဝါဒါစရိယ ရွှေဝါဝင်းကျောင်းဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုတ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်မန္တလေးတောင်အနီး နန်းမြေဘုံစံနန်းတော်ရာ စန္ဒာမုနိဘုရားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းခွင်၌ ဘုရားအဝင် အရှေ့ဘက်မုခ်ဦးတည်ဆောက်မှုလုပ်ငန်း၊ ပတ်ဝန်းကျင်သာယာလှပရေးအတွက် ပန်းဥယျာဉ်တည်ဆောက်မှုလုပ်ငန်းနှင့် ကမ္ဘာ့ဦးကျောက်စာတိုင် ပြုလုပ်ခြင်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပထမအကြိမ် ဝန်ထမ်းမိသားစု ထမနဲထိုး ပြိုင်ပွဲအခမ်းအနားကို မြို့တော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ အတွင်းရေးမှူး ဦးမောင်ပု၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်အားပေးကြပြီး ဌာန ၁၄ ခုမှ ကိုယ်စားပြုအသင်း ၁၄သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုရရှိသော အသင်းများအား အတွင်းရေးမှူး ဦးမောင်ပုနှင့် ကော်မတီဝင်များက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)



(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ စက်မှုဇုန်ပြခန်းများ၊ မော်တော်ယာဉ် ထုတ်လုပ်ခြင်းပြခန်းများ ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဒဂုံ အားကစားကွင်းတွင် ကျင်းပရာ မော်တော်ယာဉ်ထုတ်လုပ်ခြင်း တစ်ဦးချင်းပြသမှု အကောင်းဆုံး ပထမဆုရ ဒဂုံဆိပ်ကမ်း စက်မှုဇုန်မှ Super Seven Star **မှ ဦးစံလင်းအား ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေး ဆုချီးမြှင့်စဉ်။** (က-ပ)

အမှတ်(၂)စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် သာဂရစက်မှုနယ်မြေလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဖေဖော်ဝါရီ ၁၄ရက်တွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က စီမံကိန်းနယ်မြေအတွင်း စက်ရုံအဆောက်အအုံများနှင့် အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက စက်ရုံစီမံကိန်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်းများကို စက်ရုံတစ်ခုချင်းအတွက် လုပ်ငန်းလျာထားချက်များ ရေးဆွဲ၍ တည်ဆောက်အကောင်အထည်ဖော်ရေး၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးစေရန် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း အသစ်တိုးချဲ့တည်ဆောက်မည့် လျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံစီမံကိန်းမြေနေရာနှင့် ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်း၏ အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်ရန် မြေနေရာများ ရွေးချယ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် သာဂရစက်မှုနယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင် ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးရေး မှာကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး၏ ဇနီး Madame Wyoso Prodjowarsito **ဦးဆောင်သော** Indonesian Ladies Group **ဖေဖော်ဝါရီ ၁၃ ရက်က ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံရယူစဉ်။** (ဘိုးဘွားရိပ်သာ)

ကွယ်လွန်သူ ဦးဟီးဒယားနန်းအားရည်စူး၍ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဇနီး ဒေါ်ပုလေးစရီး၊ သား ကိုဂျေကေ-မမြယဉ်နှင့် မြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ထာဝရဆေးပဒေသာပင်ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီးဘဉာဏ် (ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်း ဖြန့်ချိမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၁၉၄၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်က "ဗမာ့အသံ" အမည်ဖြင့် အသံလွှင့်ခဲ့သော ဗမာ့အသံ (ယနေ့မြန်မာ့အသံ) သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် သက်တမ်းနှစ်(၆၀) စိန်ရတုကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

ဤနှစ်(၆၀)ပြည့် မြန်မာ့အသံကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အတိုင်ပင်ခံ စာတည်း သူရဇော်၊ တာဝန်ခံစာတည်း မြန်မာ့အသံ သိန်းဟန်နှင့် စာတည်းအဖွဲ့ဝင်များက စီစဉ်ကာ နာမည်ရ စာရေးဆရာများ ပါဝင်ရေးသားထားသည့် စာမျက်နှာ ၄၀၀ခန့် ရှိသော ခံ့ခံ့ထည်ထည် မဂ္ဂဇင်းကြီးတစ်အုပ်သည် စာပေဈေးကွက်သို့ ယခုရက်ပိုင်းအတွင်း ဖြန့်ချိတော့မည်ဖြစ်သည်။

ဤမဂ္ဂဇင်းကြီးတွင် မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်၊ MRTV-3 နှင့် MRTV-4 တို့၏ မှတ်တမ်းမှတ်တိုင်များကို အကြောင်းအချက် အပြည့်အစုံ ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံမဂ္ဂဇင်းတွင် ရဟန်းစာဆိုတော် ချောင်းဦးမောင် စန္ဒာ၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)၊ ရဝေနွယ် (အင်းမ) တို့၏ မြန်မာ့အသံနှင့် ဆက်နွယ်သော ဘာသာရေးစာများ၊ မင်းရဲကောင်းပုံ၊ မောင်ဆုရှင်၊ ဗိုလ်ကလေး တင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ဦးအောင်နိုင် (ဝိဇ္ဇာဂုဏ်ထူး)၊ ဒုတိယ ဗိုလ်မှူးကြီး သန်းထွဋ်(ငြိမ်း)၊ သုခိအောင်၊ တက္ကသိုလ်စိန်တင်၊ မြန်မာ့အသံ သိန်းဟန်၊ မောင်မောင်အေး(နယူးလိုက်အော့ဖ် မြန်မာ)၊စန္ဒရားတင်ဝင်းလှိုင်၊ မောင်စိုးထိုက်(သုံးဆယ်)၊ သူရဇော်၊ ညွန့်ဟံ (ကြူတော)၊ ဦးမြင့်(TV)၊ ချစ်ကြည်မောင်၊ ဖုန်းမြင့်အောင်၊ နိုင်ဝေ၊ စောမုံညင်း၊ ခင်စောတင့်၊ ဒေါ်ခင်ခင်ကြည် (မြန်မာ့အသံ)၊ မမြင့်မွန် (မြန်မာ့အသံ)၊ ဖြူစင်ဝင်း၊ ခင်ပြုံးရီ (မြန်မာ့အသံ)၊ ဆန်းဆန်းဦး၊ နှင်းဆီဝေ၊ အေးသင်းရီ (မြန်မာ့အသံ) စသည့် ဆောင်းပါးရှင် ၃၄ ဦးတို့၏ ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ကဗျာကဏ္ဍတွင် ကြည်အောင်(ကေတုမတီ)၊ ရွှန်းမြအောင်၊ တက္ကသိုလ်မြတ်စိုး၊ နောင်၊ မြင်းမူမောင်နိုင်မိုး၊ မင်းရွှေမင်း(အင်းစိန်)၊ ဝင်းဝေနောင်၊ မောင်သင်းပျံ့(ကျိုက်ထော်)၊ နေနိုင်ထွန်း၊ အေးမျိုးကြည်၊ ကျော်ကျော်လွင် (မြန်မာစာ)၊ နုယဉ်၊ ခင်နန်းယုထွေး၊ ဆည်းလည်းတို့၏ ကဗျာများအပြင် ဒေါက်တာ ထီလာစစ်သူ ရေးဖွဲ့သီကုံးသော နှစ်(၆၀)ပြည့် မြန်မာ့အသံအောင်ပွဲခံ (ကဗျာရှည်) ပါဝင်ကြောင်း သိရသည်။

ဝတ္ထုတိုကဏ္ဍတွင် ဆင်ဖြူကျွန်းအောင်သိန်း၊ ရေနံမြေ မောင်မောင်ကြည်၊ ချမ်းမြအောင်၊ သွင်လန်း၊ မစန္ဒာ၊ ဂျူး၊ ယုဝတီခင်စိန်လှိုင်၊ ဒေါက်တာလမင်း၊ ခင် (တိုင်းရင်းမေ)၊ ညိုညိုယဉ် (ဒိုက်ဦး)၊ သီတဂူ ဇေယျတို့၏ ဝတ္ထုတိုများကို အတွင်းပန်းချီပုံများဖြင့် ခြယ်မှုန်းဖော်ပြထားသည်။

တစ်ခန်းရပ်ပြဇာတ်အဖြစ် ကြူကြူသင်း၏ မင်္ဂလာပါ သောတရှင်၊ ဘာသာပြန်ဆောင်းပါးအဖြစ် ဒွေးမောင်၏ ပိုးသားလိုနူ သံမဏိလို မာကျောသူ၊ ကောလိယမောင်မောင်နိုင်၏ "လေလှိုင်းသံရှင်ကို ချစ်တဲ့သူ" ဝတ္ထုရှည်လေးရောင်ခြယ်ပုံ၊ ပန်းချီပုံများဖြင့် အလှဆင်ခြယ်မှုန်းထားသည်။

ကာတွန်းပညာရှင် ငွေကြည်၊ မြေဇာ၊ မောင်ဝဏ္ဏ၊ ရွှေမင်းသား၊ တင်အောင်နီ၊ သစ်ထွဏ်းတို့၏ ရယ်ရွှင်ဖွယ်ဟာသ ကာတွန်းလက်ရာများ၊ ၎င်းအပြင် တစ်ချိန်က သောတရှင် မဂ္ဂဇင်း၌ဖော်ပြခဲ့သော ဒဂုန်တာရာ၊ မောင်နေဝင်း၊ မင်းကျော်၊ မြန်မာ့အသံသော်ကစသူတို့၏ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို များကိုလည်း ပြန်လည်ဆန်းသစ်ဖော်ပြထားသည်။

အင်္ဂလိပ်စာကဏ္ဍတွင် မင်းကျော်မင်း၊ ကိုလတ်(MRTV)၊ ထိန်အောင်လင်း တို့၏ ဆောင်းပါး လက်ရာများပါရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ပါဝင်ယှဉ်ပြိုင်ရေးသားကြပြီး ဆုရရှိကြသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းလက်ရာ ၁၃ခုကိုလည်း ဖော်ပြထားသည်။ မဂ္ဂဇင်းတစ်အုပ်လုံးကို အတ်ပေပါ၊ ဂူဖရီး စက္ကူအကောင်းစားဖြင့် ရိုက်နှိပ်ထားပြီး မဂ္ဂဇင်းတစ်အုပ်လျှင် ကျပ် ၂၀၀၀နှုန်း သတ်မှတ်ထားသည်။

ဝယ်ယူမှာကြားရရှိနိုင်သော စာအုပ်တိုက်များမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဟံသာဝတီ ဂိတ်စာအုပ်အရောင်းဆိုင် ဖုန်း–၀၁–၅၃၈၀၅၀၊ ၅၃၈၀၅၃၊ လိုင်းခွဲ–၁၄၄၊၄၀၁၊ ကုန်သည်လမ်း စာပေဗိမာန် စာအုပ်ဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်း စာအုပ်အရောင်းဆိုင်၊ ကုန်သည်လမ်းနှင့် (၃၈)လမ်းထောင့် အမှတ်(၅၂၅) သာလွန်စာပေတိုက်၊ ပန်းဆိုးတန်းလမ်း(အောက်လမ်း) အမှတ်(၈၆) အမေ့အိမ်စာပေတိုက်၊ ကျောက်တံတားမြို့နယ် (၃၃)လမ်း (အထက်လမ်း) အမှတ်(၁၉၂) ဂုဏ်ထူးစာအုပ်တိုက်၊ ပန်းဘဲတန်းမြို့နယ် (၃၂)လမ်း (အထက်လမ်း) အမှတ်(၁၈၁) မြဝတီစာပေတိုက်ခွဲ၊ ပန်းဘဲတန်းမြို့နယ် (၂၉)လမ်း (အထက်လမ်း) အမှတ် (၂၃၀) ရှိ ပါရမီစာပေတိုက်နှင့် မန္တလေးမြို့ ထွန်းဦး စာပေတိုက် ဖုန်း–၀၂–၃၉၈၀၁ တို့တွင် ကြိုတင်မှာကြားဝယ်ယူနိုင်သည်။

နှစ်(၆၀)ပြည့် မြန်မာ့အသံ (၁၉၄၆–၂၀၀၆)အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာ ပို့စကတ်များကိုလည်း မြန်မာ့အသံ တေးသံရှင်များ၊ တိုင်းရင်းသူ ဝန်ထမ်းများ၏ ရောင်စုံပုံများဖြင့် ထုတ်ဝေမည်ဖြစ်ရာ တစ်စောင်လျှင် ကျပ် ၁၀၀နှုန်းဖြင့် အထက်ပါစာပေတိုက်များတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ကန့်ဘလူမြို့မှ မြို့မိမြို့ဖ ဦးကျော်ညွန့်က လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လည်းကောင်း၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးကျော်တင့်က လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်မှူး ဦးဇော်မိုးက လက်ခံသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်၊ လူငယ်ရိပ်သာနှင့် အော်တို တယ်လီဖုန်းအိတ်ချိန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ထိန်တော စံပြကျေးရွာ ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး တာဝန်ခံ ကထိက ဒေါ်စိုးစိုးအုန်းက စက်ရုံတည်ဆောက်မှုကို ရှင်းလင်းတင်ပြပြီး အလှူရှင် ဟွန်ဒါ–မြန်မာကုမ္ပဏီ လီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖ ဦးဉာဏ်က စက်ရုံတည်ဆောက်ပေးခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများ၏ ကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အလှူရှင် ဦးတင်မောင်တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စက်ရုံကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စက်ရုံသည် လျှပ်စစ်ဓာတ်အား ၁၅ကေဗွီအေရှိပြီး လှူဒါန်းငွေကျပ်သိန်း ၆၀ဖြင့် တည်ဆောက်ခဲ့သည်။

ဆေးခန်းသစ်

ဆက်လက်၍ ထိန်တောစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၏ ဆေးခန်းသစ်ဖွင့်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာကျော်ရှိန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ဆေးခန်းကို ဖွင့်လှစ်ပေးကြပြီး ဆေးခန်း ဖြစ်မြောက်ရေးကော်မတီ နာယက ဦးဘသိန်းက ရွှေဘိုခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြသိန်းအား ဆေးခန်းအဆောက်အအုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ဆေးခန်းကို ငွေကျပ်သိန်း ၃၀ အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။

ယင်းနောက် ထိန်တောစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ စစ်ကိုင်းတိုင်း ပညာရေးမှူး ဦးတိုးအောင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသက်တို့က ဖဲကြိုးဖြတ်၍ ကျောင်းခွဲကို ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စာသင်ခန်းများနှင့် သင်ထောက်ကူပြုပစ္စည်းများ အသုံးပြု၍ စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထိန်တော အနောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ပညာသာမိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထိန်တော အနောက်ကျောင်းတိုက် ဓမ္မသုခ သိန်းသန်းရတနာဓမ္မာရုံ၌ ဒေသခံများနှင့် တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စံပြကျေးရွာ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ တင်ပြပြီး ထိန်တော စံပြကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ဦးမျိုးတင့်နှင့် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်နွယ်ကြည်တို့က စံပြကျေးရွာ တည်ဆောက်ပေးခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားကြသည်။

ဆွေးနွေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ခြစ်စည်းရိုးကြက်ဆူပင်ကို အိမ်တွင်းမှုဝင်ငွေရ သီးနှံအဖြစ် အလေးထားစိုက်ပျိုးကြရန်နှင့် ခြစ်စည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံများကို ဆွေးနွေး ပြောကြားသည်။

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ရှိနိုင်ငံတော်၏ အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကသာမြို့ လမ်းမတော်လမ်းဘေးဝဲ/ယာ ကပ်တုံးများ၊ အုတ်ပန်းခုံများ ဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးကျော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဦးသောင်း လားရှိုးမြို့ အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်အတူ ဖေဖော်ဝါရီ ၁၁ရက် နံနက်ပိုင်းက လားရှိုးမြို့ အစိုးရနည်းပညာကောလိပ် (လားရှိုး) အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဆွေဆွေမော် နှင့်ဌာနမှူးများ၊ နည်းပြဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အဆင့်မြင့်ပညာသင်ကြားရေးလုပ်ငန်းဆိုင်ရာများနှင့် သုတေသနလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးအထွက် ဟိုပိတ်ကျေးရွာအနီး အစိုးရနည်းပညာကောလိပ် (လားရှိုး) သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ System Engineering ကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးဝင်းမြင့်ဒွေးက သုံးထပ်ပင်မအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်ဆွေဆွေမော်နှင့် ကထိက ဦးထွန်းထွန်းသိန်းတို့ကစစ်ဆေးရေးအဖွဲ့များ စနစ်တကျ ဖွဲ့စည်း၍လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ကျောင်းပရဝဏ် စိမ်းလန်းသာယာရေး ကြိုတင်စီစဉ်ဆောင်ရွက်ရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လားရှိုးမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်နန်းစိုးစိုးအောင်က ပညာသင်ကြားရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဇနီးတို့က လုပ်ငန်းလိုအပ်ချက်များမှာကြား ညှိနှိုင်းဆောင်ရွက်ပေး၍ ခေတ်မီ သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ရန် မြေနေရာလျာထားမှုကို ကြည့်ရှု၍ အတည်ပြုသတ်မှတ်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တိုင်းစစ်ဌာနချုပ်၏ ရန်အောင်မြင်တပ်ဦး စေတီတော်အနီး ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြကေ ၁၀၀ စိုက်ခင်းရှိ ကြက်ဆူပင် စံပြပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင်များ ဖြစ်ထွန်းအောင်မြင်မှုကို လည်းကောင်း၊ စိုက်ခင်းအတွင်း နှစ်ရှည်သစ်ဆိမ့်ပင်များအကြား ကြက်ဆူပင်များ သီးညှပ်အဖြစ် စိုက်ပျိုးထားရှိမှုနှင့် သုတေသနစိုက်ခင်းအတွင်း သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေမှုကို လည်းကောင်း၊ ကြက်ဆူစေ့မှ ကြက်ဆူဆီ ထုတ်လုပ်ရန်အတွက် တစ်လုံးထိုးအင်ဂျင်သုံး ကြက်ဆူဆီ အသုံးပြုသည့် ကြက်ဆူဆီ ကြိတ်ခွဲစက်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် လားရှိုးမြို့ နန်းဟောဝန်ဥယျာဉ်အတွင်း ကျင်းပသည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် နန်းဟောဝန်ဥယျာဉ်ခန်းမ၌ ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဆုရအသင်းများအား တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်ဇင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ထိန်တောစံပြကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲအတွက် အလှူငွေကျပ် ၃၀၀၀၀၀နှင့် ကျောင်းသုံးစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ အားကစားပစ္စည်းနှင့် စာအုပ်များကို စံပြကျေးရွာ စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဇော်မိုးက လက်ခံသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လူငယ်ရိပ်သာအတွက် ဒီဗွီဒီပြစက်တစ်လုံးကို လည်းကောင်း၊ M.F.Fကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးစိုးမြင့်က ထိန်တော စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွက် ၂၁လက်မရောင်စုံ ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေက ဒီဗွီဒီပြစက်တစ်လုံးကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ယင်းနောက် ဟွန်ဒါ–မြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်က ကျေးရွာမီးလင်းရေးကော်မတီသို့ ငွေကျပ် သိန်း ၆၀ ကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၅–၂–၂၀၀၆

ပင်လောင်းနှင့် နမ့်စန်

၄ ဒီဂရီစင်တီ ဂရိတ်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၇။	အဆိုပြိုင်ပွဲ
၈:၁၅	၈။	အကပဒေသာ
၈:၂၀	၉။	ဆပ်သွားတံတား
၈:၃၀	၁၀။	International News.
၈:၄၅	၁၁။	Let's Go.
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Everyday Use
၄:၄၀	၄။	တေးဂီတအစီအစဉ်
၄:၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–ဒုတိယနှစ် (ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
၅:၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅	၇။	အရေးပြိုင်ပွဲ
၅:၂၀	၈။	မြန်မာစာ၊ မြန်မာစကား
၅:၃၀	၉။	**"အားနာလိုက်တာ" (မော့စ်၊ကျော်ဇာနည်လှိုင်၊ နန်းကလျာလှိုင်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၅:၃၅	၁၀။	တေးဂီတအစီအစဉ်
၅:၄၅	၁၁။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၃၀	၁၃။	မိုးလေဝသအခြေအနေ
၆:၃၅	၁၄။	အတီးပြိုင်ပွဲ
၆:၄၅	၁၅။	တေးဂီတအစီအစဉ်
၆:၅၅	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း–၅)**
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း–၇)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

(16-2)09.P65 1 1/4/32, 5:08 AM

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် သဘာဝကြက်ဆူပင် ပေါက်ရောက်မှုကြည့်ရှု မလီ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းက ဝိုင်းမော်–မြစ်ကြီးနား ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပေ ၃၀စီတိုးချဲ့ပြုပြင် ဖောက်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ နန့်မြစ်ခရောင်းကူးတံတားကြမ်းခင်း လဲလှယ်တပ်ဆင်ပြီးစီးမှုလုပ်ငန်းများကို လည်းကောင်း လှည့်လည်စစ်ဆေးကြည့်ရှုရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဝိုင်းမော်–မြစ်ကြီးနား ကားလမ်းတစ်လျှောက်ရှိ သဘာဝ ကြက်ဆူပင် ပေါက်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝိုင်းမော်မြို့နယ် နောင်တာလော ကျေးရွာမှ တောင်သူဦးကျော်ခိုင်၏ ခြံအတွင်း စိုက်ပျိုးထားရှိသည့် မုန်ညင်း၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်နှင့် ဆောင်းသီးနှံ စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် မိုင်းနား ကျေးရွာအတွင်း ခြံစည်းရိုးကြက်ဆူပင် ပြုစုပျိုးထောင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌ ခြံစည်းရိုးကြက်ဆူပျိုးကိုင်း ၃၀၀၀၀ နှင့် မျိုးစေ့ ၃၀၀၀ အိတ်သွင်းပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးနှင့် နှစ်ရှည်ပင်များနှင့် စားပင်သီးနှံများ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား ကွဲခိုင်မှုလုပ်ငန်းဆောင်ရွက်ထားရှိမှု ကိုလည်းကောင်း၊ မြစ်ကြီးနားမြို့ စီတာပူ ရပ်ကွက် စက်မှုဇုန်အနီး တိုင်းရင်းသားလုပ်ငန်းရှင်များမှ ဆောင်ရွက်လျက်ရှိသည့် မလိရေအားလျှပ်စစ်လုပ်ငန်း ပင်မ လျှပ်စစ်ဓာတ်အားပေး စက်ရုံလုပ်ငန်းဆောင်ရွက်မှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးသည်။

လျှပ်စစ်ဓာတ်အား

မလိရေအားလျှပ်စစ်တွင် ၃ ဒသမ ၅ မဂ္ဂါဝပ်သုံးလုံးဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး နွေရာသီတွင် ၃ ဒသမ ၅ မဂ္ဂါဝပ်တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် မိုးရာသီတွင် ၃ ဒသမ ၅ မဂ္ဂါဝပ် သုံးလုံးလည်ပတ်နိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ဥက္ကံ–ဇော်ဂဗ် လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်ရှိ ဥက္ကံ–ဇော်ဂဗ် လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်တွင်အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က အမှာစကားပြောကြား၍ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်ထွန်းက လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ လမ်းကြောင့် ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာ ၁၉ရွာတို့မှ ကျေးလက်ပြည်သူ ၇၀၀၀ ကျော်တို့ လမ်းပန်းဆက်သွယ်မှု ပိုမိုလျင်မြန်လွယ်ကူချောမွေ့ပြီး ယင်းလမ်းအရှည်မှာ ၂၀၂၅ ပေ၊အကျယ်၁၂ပေရှိသည်။(သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကလေးငယ်များ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကာယအလှမောင်မယ် ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကလေးငယ်များ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကာယအလှမောင်မယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၏ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကလေးငယ်များ ကဗျာရွတ်ဆို ပြိုင်ပွဲနှင့် ကာယအလှမောင်မယ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ဖြူဖြူက အသင်း၏လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့သည် ပြိုင်ပွဲဝင်ကလေးငယ်များ၏ တိုင်းရင်းသားရိုးရာအကများ၊ ကာယအလှ၊ ကာယဗလ သရုပ်ပြသမှုများနှင့်ကဗျာရွတ်ဆိုမှုများကို ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဖောက်ထွင်းခိုးယူခံခဲ့ရသော ကျပ်သိန်း ၄၀ ဖိုးခန့်ရှိ ရွှေငွေပစ္စည်းများ ရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်၍ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပုသိမ်မြို့၌ ဖောက်ထွင်းခိုးယူခံရမှုမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းစုံစမ်းဖော်ထုတ်ချက်အရ ပြန်လည်သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများအား ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်တွင် ပုသိမ်မြို့ (၉)ရပ်ကွက် နယ်မြေသဘော်ကျင်း ရဲစခန်း၌ ကျင်းပရာ ပုသိမ်မြို့ (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စခန်းမှူး ရဲအုပ်ဇော်ဝင်းရှိန်က နယ်မြေအတွင်းမှုခင်းကျဆင်းရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဖောက်ထွင်းခိုးယူခံရရာမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းစုံစမ်းဖော်ထုတ်ချက်အရ ပြန်လည်သိမ်းဆည်းရမိသော သက်သေခံပစ္စည်း ငွေကျပ်သိန်း ၄၀ ဖိုးခန့်ရှိ ရွှေထည် ရတနာပစ္စည်းများနှင့် ငွေစက္ကူများကို ပိုင်ရှင်ဦးမြင့်ဇော်–ဒေါ်နွဲ့နွဲ့ကြည်တို့အား ပေးအပ်လိုက်သည်။ (သတင်းစဉ်)

ပုသိမ်မြို့တွင် ဖောက်ထွင်းခိုးယူခံရရာမှ ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းစုံစမ်းဖော် ထုတ်ချက်အရ ပြန်လည်သိမ်းဆည်းရမိသော သက်သေခံပစ္စည်း ငွေကျပ်သိန်း ၄၀ ဖိုးခန့်ရှိ ရွှေထည်ရတနာပစ္စည်းများနှင့် ငွေစက္ကူများကို ပိုင်ရှင်ဦးမြင့်ဇော်–ဒေါ်နွဲ့နွဲ့ကြည်တို့အား စခန်းမှူးရဲအုပ်ဇော်ဝင်းရှိန်က ပြန်လည်ပေးအပ်စဉ်။
(သတင်းစဉ်)

လှူဒါန်း

ခရမ်းမြို့နယ် နာရေးကူညီမှုအသင်းအတွက် သဃ်န်းကျွန်းမြို့နယ် ပင်လုံရိပ်မွန်နေ မိခင်ကြီး ဒေါ်နုအား အမှူးထား၍ (ဦးခင်လျှမ်) ဒေါ်ရှုဘီမိသားစုတို့က အလှူငွေကျပ် သုံးသိန်းကို အသင်းအကြံပေးအဖွဲ့ဝင် ဒေါ်အမာကြည်ထံ ပေးအပ်လှူဒါန်းစဉ်။
(က–ပ)

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး လုပ်ငန်းစီမံချက်အရ အမှတ်(၁)စက်မှု ဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မန္တလေး ဘီယာစက်ရုံနှင့် မန္တလေး အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး အသိပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၁၀ရက်က စက်ရုံဝင်းအတွင်း ပြုလုပ်စဉ်။
(မြို့နယ်မီးသတ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆–၂–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၀၀	၈။ မျိုးချစ်တပ်မတော်
၅:၃၀	၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ **ကာတွန်းအစီအစဉ် ပါကဲ့ (အပိုင်း–၁၀)**
၆:၅၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နန်းတွင်းရတနာ” (အပိုင်း–၁၁)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ မြဝတီရဲ့မြဝတီ
	၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကောင်းကင်သိုင်းကွက်” (အပိုင်း–၈)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အဓိဋ္ဌာန်အောင်စေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပဲခူးတိုင်း၊ ဇီးကုန်းမြို့နယ်၊ ချောင်းသာယာရွာ စိန်ပန်းမြိုင်ကျောင်းတိုက် အဓိဋ္ဌာန်အောင် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၇ခု တပေါင်းလဆန်း ၄၊၅၊၆ရက် (မတ် ၂ရက်မှ ၄ရက်)အထိ အင်္ဂပူမြို့မှ ဒေါင်းမင်းရာဇာအဖွဲ့က ထီးတော်တင်လှူပြီး တပေါင်းလဆန်း ၈၊ ၉ရက် (မတ် ၆ရက်မှ ၇ရက်)နေ့ညများတွင် ရန်ကုန်မြို့ ယဉ်ကျေးမှုအနုပညာကဇာတ်အဖွဲ့မှ ကပြဖျော်ဖြေမည်ဖြစ်ရာ အလှူရှင်များ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဖိတ်ကြားထားပြီး ရန်ကုန်မြို့မှ အလှူရှင်များ ဖုန်းနံပါတ် ၅၅၇၃၈၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

သင်္ဃန်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက်ရှိ ဆုတောင်းပြည့် ရန်မျိုးအောင်စေတီတော်မြတ်ကြီး၏ (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်က စေတီတော်အရှေ့ဘက်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစန်းဝေနှင့် စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၅၀၆)

မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီ

ကြက်ဆူဆီအထွက်နှုန်းမြင့်မား လောင်စာစွမ်းအင်တိုးပွား

မြန်မာနိုင်ငံ၌ စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီအသုံးပြုနိုင်ရန် ခြံစည်းရိုးကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးဖြစ်ထွန်းနေသော အပင်များသည် အသီးအထွက်နှုန်းမြင့်မားပြီး ကြက်ဆူဆီအထွက်နှုန်းလည်း ကောင်းမွန်ပေသည်။

ခြံစည်းရိုးကြက်ဆူသီး အထွက်နှုန်း အပေါ်မူတည်၍ သက်တမ်းအလိုက်၊ ဧကအလိုက် ကြက်ဆူဆီထွက်ရှိမှုကို တစ်ဖက်ပါဇယားအတိုင်း တွေ့ရှိရသည်။

ခြံစည်းရိုးကြက်ဆူဆီအထွက်နှုန်း

စဉ်	အကြောင်းအရာ	အထွက်နှုန်း
၁	**နှစ်နှစ်သားမှငါးနှစ်သား**	
	– တစ်ဧကလျှင်	၁၇၈ ပိဿာ
	– ဧကငါးသိန်းတွင်	ပိဿာ ၈၉ သန်း
၂	**ခြောက်နှစ်သားအထက်**	
	– တစ်ဧကလျှင်	၂၄၈ ပိဿာ
	– ဧကငါးသိန်းတွင်	ပိဿာ ၁၂၄ သန်း

ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိ

ခြံစည်းရိုး ကြက်ဆူပင်သည် တစ်ဧက စိုက်ပျိုးလျှင် အစေ့နှစ်တန်မှ သုံးတန်အထိ ရရှိနိုင်သည်။ ၎င်းအစေ့ကို ကြိတ်ခွဲပါက ကြက်ဆူဆီ ဂါလန် ၆၀ မှ ဂါလန် ၁၀၀ အထိ ထွက်ရှိမည်ဖြစ်သည်။

၎င်းကြက်ဆူဆီကို ပြန်လည်ပြုပြင်ရန်မလိုဘဲ ဒီဇယ်အင်ဂျင်များတွင် တိုက်ရိုက်ထည့်သွင်းအသုံးပြုနိုင်သည်။ ခြံစည်းရိုးကြက်ဆူဆီသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ မထွက်သောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို နည်းပါးစေကြောင်း သိရှိရပါသည်။

ခြံစည်းရိုးကြက်ဆူပင် ပျိုးပင်များ၊ အပင်ပေါက်များကို တွေ့ရစဉ်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့သို့ စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် ရွှေကုံကော်၊ စန္ဒာညွန့်၊ ကော်လတီ၊ ပန်းတိုင်နှင့် ပန်းဝေဝေ စာပေတိုက်တို့မှ ထုတ်ဝေသည့် တက္ကသိုလ်ဝင်တန်း အထူးထုတ်စာအုပ်များ၊ ခိုင်စာရေးကိရိယာဆိုင်မှ ရုံးသုံးပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၆၄၀၀၀ တန်ဖိုးရှိသည့် စာအုပ်စာတမ်းများအား (၁၁)ကြိမ်မြောက် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင်များကိုယ်စား ဆရာကံချွန် (ဘောဂဗေဒ)က အထောက်အကူပြုစာအုပ်များ လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်းထံ အထောက်အကူပြု စာအုပ်စာတမ်းများနှင့် ရုံးသုံးစာရေးကိရိယာပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး တိုင်းရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းရဲတပ်ဖွဲ့မှူးက ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့များနှင့် ဌာနခွဲများသို့ စာအုပ်စာတမ်းများကို လွှဲပြောင်းပေးအပ်လိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်နှင့် မိသားစုများအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းထံ အလှူရှင်တစ်ဦးက အထောက်အကူပြု စာအုပ်စာတမ်းများနှင့် ရုံးသုံးစာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့)

ပုသိမ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပုသိမ်အသင်း(ရန်ကုန်) အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၄-၂၀၀၅ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သားသမီးများ၏ ပညာရည်ချွန် ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၁၉ ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ နှစ်စဉ် ပညာသင်ထောက်ပံ့ကြေးဆုရ ကျောင်းသား၊ ကျောင်းသူစာရင်းကို ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့နိုင်ပြီး လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဦးသန်းထွန်း ဖုန်း-၀၉၅၀၀ ၂၈၂၅၊ အတွင်းရေးမှူး ဦးစိုးဟန်လင်း ဖုန်း-၂၈၀၄၇၇၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၂၁၉၇၈၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈နှင့်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်များဖွင့်ပွဲနှင့် ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များဖွင့်ပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ၁၀ ရက် မွန်းတည့်၁၂နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ခွဲ့နှင့် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူလေးများက ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ဟောပြောပွဲကို ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဆရာမ ဒေါ်ဝင်းဝင်းငွေက ပြည်ထောင်စုနေ့အကြောင်းကိုလည်းကောင်း၊ အဋ္ဌမတန်း ကျောင်းသား မောင်စိုးသီဟမောင်က ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် Language Labပြိုင်ပွဲ၌ ပထမဆုရ ကျောင်းသား၊ ကျောင်းသူများက Natives of Myanmar သီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် မာလာမြိုင်(၆)လမ်း အုတ်ကျင်းနေ မောင်ဝင်းမြင့်ဦး အသက်(၄၀)ပြည့်မွေးနေ့အတွက် ဦးဝင်း-ဒေါ်တင်ကြည် (ခ) ဒေါ်မလေးမိသားစုက ငွေကျပ်၁၁၀၀၀၀ ကို အဖွဲ့ဝင်ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေးအတွက် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ လေယာဉ်ကွင်းဘေး ပန်းအလှပင်များ ပုံသွင်းခြင်း၊ မြက်ဖြတ်ခြင်း လုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်ကျော် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပရိယတ္တိသဒ္ဓမ္မဟိတ စာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း ဒဂုံမြို့နယ်လုံးဆိုင်ရာ (၂၅)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မဟိတ စာမေးပွဲကြီးကို ငွေရတုသဘင်အဖြစ် မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ရတနာ့ဗိမာန်တော်ကြီးတွင်ဖေဖော်ဝါရီ ၁၇ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ စာအောင်သံဃာတော်များကို မတ် ၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ဂုဏ်ပြုဆုများဆက်ကပ်ပြီး ဒဂုံပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ ဂုဏာနန္ဒဆရာတော်ကြီး၏ အထူးအစီအစဉ်ဖြင့် အခြေပြုမူလတန်းမှ ဓမ္မာစရိယတန်းထိ အတန်းအသီးသီး၌ (ပ)၊ (ဒု)၊ (တ)ရရှိသော စာအောင် သံဃာတော်များအား ငွေပဒေသာပင်များဖြင့် လှူဒါန်းပူဇော်မည်ဖြစ်သည်။ (က-ပ)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျိုင်းတုံမြို့နှင့် မော်လမြိုင်မြို့တို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၈နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးနှင့် တက်ရောက် လာကြသူများသည် နိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းမှူးဗိုလ်ချုပ် မင်းအောင်လှိုင်က ဖတ်ကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇ နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ မောရဝတီပန်းခြံ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ ဧည့်ပရိသတ်များနှင့် အတူ နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဇန်နဝါရီ ၃၁ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဝေယျာဝစ္စလုပ်ငန်းများတွင်အသုံးပြုရန်အတွက် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်ဗိမာန်ကျောင်းဆရာတော် ဦးအာစရ ကိုယ်စားဦးတင်ရွှေက ကျိုက်ဝိုင်းစေတီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ညွှန့်ထံ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အင်းစိန်မြို့ ဈေးကုန်းပရိယတ္တိစာသင်တိုက်မှ ၂၀၀၅ခုနှစ် အစိုးရပထမပြန် စာမေးပွဲတွင် အတန်းအသီးသီးမှ အောင်မြင်တော်မူသည့် သံဃာတော်၊ သာမဏေ ၃၉ပါးအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်ညက အဆိုပါစာသင်တိုက်၌ ကျင်းပရာ စာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တ ကုသလထံ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကိုလတ်၊ ဦးမြတ်သူနှင့် ဦးမြင့်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (၆၁)

ဆီမီး၊ ပန်း၊ နံ့သာ တစ်သောင်းပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ ဖောဓိကုန်း ပုဏ္ဏားစုရပ်ရှိ မဟာစကြာဗြဟ္မဏ ပုဏ္ဏားလူငယ်များအဖွဲ့မှ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၁၆)ကြိမ်မြောက် ဆီမီး၊ ပန်း၊ နံ့သာတစ်သောင်း ပူဇော်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆နာရီခွဲတွင် လားရှိုးမြို့နယ် သျှရီရှန်ခိုက်ဘုရားကျောင်း တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ (က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၂၅၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သည့် သိမ်အဆောက်အအုံသစ်အတွက် ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်မြို့ မြဝတီလမ်း မြေနီကုန်း(မြောက်)နေ ဦးတိတ်ကြည်-ဒေါ်စိန်ချော မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ သိမ်အဆောက်အအုံသစ် ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဝင်သတင်းထောက် ဦးကျော်သန်း လက်ခံယူစဉ်။ (၃၀၇)

ချစ်ခြင်းငယ်ပြိုင် ဆေးရောင်စုံဇာတ်ကား ရွှေ့ဆောင်ရုံတွင် တစ်ကျော့ပြန် ရုံတင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ယခု သောကြာပတ် ဖေဖော်ဝါရီ ၁၇ရက်တွင် မြန်မာဇာတ်ကားသစ်များ မဝင်ဘဲ ချစ်ခြင်းငယ်ပြိုင်ဇာတ်ကား ရွှေ့ဆောင်ရုံတွင် တစ်ကျော့ပြန်ရုံဝင်လာမည်ဖြစ်သည်။

ချစ်ခြင်းငယ်ပြိုင်

မြသရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီကိုကိုလေး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ ရိုက်ကူးသည့် ချစ်ခြင်းငယ်ပြိုင်ဇာတ်ကားမှာ မိဘနှစ်ပါးကွဲကွာသွားရာမှ ဖခင်မေတ္တာနှင့် ကင်းကွာခဲ့ရသော သမီးငယ်တစ်ဦးနှင့် ဖခင်တို့၏ သံယောဇဉ်မေတ္တာ ပြိုင်ကြပုံကို ရိုက်ကူးထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ဤဇာတ်ကား၏ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင်သာမက ဂျပန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့များ၏ ရှုခင်းရှုကွက်များကိုပါ ပရိသတ်များ ရှုမြင်ခံစားရစေရန် ဂျပန်နိုင်ငံသို့ သွားရောက်ရိုက်ကူးခဲ့သည့် မြန်မာ ဇာတ်ကားကောင်းတစ်ကားဖြစ်သည့်အပြင် သရုပ်ဆောင်မင်းသမီး စိုးမြတ်နန္ဒာမှာ ဤကားတွင် အကယ်ဒမီ ဆွတ်ခူးရရှိခဲ့ပါသည်။

ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်သစ်ရွှေသွေးတို့ ခေါင်းဆောင်ပါဝင်ထားကြပြီး ဂျပန်လူမျိုး သရုပ်ဆောင်များပါ ပါဝင်အားဖြည့်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

သမ္မတရုံတွင် ဒါရိုက်တာ Peter Jackson ရိုက်ကူးသည့် King Koung ဇာတ်ကားပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ ကင်းကောင်မျောက်ဝံကြီး တစ်ကောင်နှင့် လူသားတို့အကြား ရန်မူတိုက်ခိုက်မှုကို စိတ်ဝင်စားဖွယ် ရိုက်ကူးထားသည့် စွန့်စားမှု အသားပေး ဇာတ်ကားဖြစ်သည်။

ပြသမည်

သွင်ရုံတွင် ဒါရိုက်တာ Louis Leterrier ရိုက်ကူးသည့် Unleashed ဇာတ်ကားပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ အတိတ်မေ့နေသည့် လူငယ်တစ်ဦး၏ ကြေကွဲဖွယ်ဘဝကို ဇာတ်လမ်းဆင်ထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

မင်္ဂလာရုံတွင်ဂျိမ်းစ်ဘွန်းဇာတ်ကား တစ်ကားဖြစ်သည့် The World is Not°°Enough ဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ပြသဆဲ The Island ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ရွှေ့ဆောင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် တစ်ကျော့ပြန် ရုံတင်ပြသမည့် ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားမှ သရုပ်ဆောင်သစ် ရွှေသွေး၊ စိုးမြတ်နန္ဒာ၊ ရန်အောင်နှင့် ကျော်သူတို့ကို တွေ့ရစဉ်။ (ကြေးမုံ)

ကျောက်ဖြူအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌဦးဘရွှေက တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မသင်းသီရိကျော်အား ပညာရည်ချွန်ဆုပေးအပ်စဉ်။ (က-ပ)

အလှူငွေပေးအပ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဓမ္မပါလလမ်း မဟာသုခါရာမစာသင်တိုက်၏ ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိရောစန (ဒွိပိဋကဓရ)၏ (၄၅)နှစ်ပြည့် ဝိဇာတမင်္ဂလာပွဲတွင် ဆောက်လုပ်ဆဲ သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲနှင့်ဂုဏ်ပြုမော်ကွန်းလွှာ ပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၉ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ကျပ် ၁၀၀တန်ထီဖွင့်ပွဲ မတ်၁ရက်တွင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ခုနှစ် မတ် ၁ရက်တွင် (၂၀၆)ကြိမ်မြောက် ငွေကျပ်၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၁၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈နာရီမှစတင်၍ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ ၂၇ဆု၊ ငွေကျပ် ၁၀သိန်း ၃၉၀ဆု၊ ငွေကျပ်ငါးသိန်း ၁၇ဆု၊ ငွေကျပ်လေးသိန်း ၂၁ဆု၊ ငွေကျပ်နှစ်သိန်း ၁၇၃ဆု၊ ငွေကျပ် တစ်သိန်း ၁၃၅၀ဆု၊ ငွေကျပ် ရှစ်သောင်း ၅၇ဆု၊ ငွေကျပ် လေးသောင်း ၉၆ဆု၊ ငွေကျပ်နှစ်သောင်း ၁၄၀၂၇ဆု စုစုပေါင်း ၁၆၁၆၅ဆု ဖြစ်သည်။

(၂၀၆)ကြိမ်မြောက် ငွေကျပ် ၁၀၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မတ် ၈ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ်ငါးသိန်းနှင့် အောက်ဆုငွေများကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ဧရာဝတီတိုင်း တံခွန်စိုက်ဒိုင်းရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၆ ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စက်ဘီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ပထမဆုရရှိကြသော ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသားအသင်းနှင့် ဧရာဝတီတိုင်း အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီးမီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမိုးကျော်သူက အမျိုးသား မီတာ ၈၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲ ဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုရ အမျိုးသမီး ယုမာဦး (ဧရာဝတီ)နှင့် အမျိုးသား ရန်နောင်ဦး ရှမ်းပြည်နယ် (တောင်ပိုင်း)တို့ကို ဆုများချီးမြှင့်သည်။

ယင်းနောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသား မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းပြိုင်ပွဲတွင် စံချိန်သစ်တင်ခဲ့သည့် ရာဇာမင်းစိုး (ပဲခူး)အား ဆုကြေးငွေကို လည်းကောင်း၊အမျိုးသမီးပြိုင်ပွဲ ပထမဆုရဧရာဝတီတိုင်းအသင်းနှင့်အမျိုးသား ပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့အား တံခွန်စိုက်ဒိုင်း၊ ဆင်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများပြီးဆုံးသွားရာ အမျိုးသားပြိုင်ပွဲ၌ ပထမ–ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဒုတိယ၊ ရန်ကုန်တိုင်း၊ တတိယ–ကယားပြည်နယ်၊ အမျိုးသမီး ပြိုင်ပွဲ၌ ပထမ ဧရာဝတီ၊ ဒုတိယ မန္တလေး၊ တတိယ ရန်ကုန်တို့က ရရှိကြသည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အနေဖြင့် ဆုရအသင်းများအား ပထမကျပ်သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်းနှင့်အကောင်းဆုံးဆု စံချိန်သစ်တင်သူတို့ကို ကျပ်ငါးသောင်းစီပေးအပ်ချီးမြှင့်ခဲ့သည်။ (ကြေးမုံ)

အားကစား သတင်းအထွေထွေ

အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိသွားသည့် ဧရာဝတီတိုင်း အသင်းအား မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမိုးကျော်သူ၊ ဦးသက်ဝင်းတို့နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

ဆောင်းရာသီ အိုလံပစ်နှင်းလျှောစီးပြိုင်ပွဲ ကျင်းပ ပက်လက်နှင်းလျှောစီးနည်းပြိုင်ပွဲ ဂျာမနီအသင်းဗိုလ်စွဲ

စီဆာနာ (အီတလီ) ဖေဖော်ဝါရီ ၁၄

အီတလီနိုင်ငံ ဆောင်းရာသီအိုလံပစ် နှင်းလျှောစီးပြိုင်ပွဲစဉ်များကို တူရင်မြို့တွင် ဆက်လက်ကျင်းပရာ ပက်လက် နှင်းလျှောစီးပြိုင်ပွဲတွင် ဂျာမန်ပြိုင်ပွဲဝင်များက ပထမ၊ ဒုတိယ၊ တတိယဆု အားလုံးကို သိမ်းကျုံးဆွတ်ခူးရယူသွားသည်။

ထိုပြိုင်ပွဲတွင် ဂျာမနီမှ အမျိုးသမီးနှင်းလျှောစီးမယ် ဆယ်ကီအော်တိုက ပထမ၊ ဆီလ်ကီကရူးရားက ဒုတိယ၊ တာဂျာနာဟူဖ်နာက တတိယ အသီးသီး ရရှိသွားသည်။ ထိုပြိုင်ပွဲတွင် အမေရိကန်သူ နှင်းလျှောစီးမယ် ကော့တနီဇာဆလောကီးမှာ စတုတ္ထဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပက်လက် နှင်းလျှောစီးပြိုင်ပွဲကို ၁၉၆၄ ခုနှစ်မှစ၍ နှင်းလျှောစီးပြိုင်ပွဲ ကစားနည်းတစ်ခုအဖြစ် သတ်မှတ်လက်ခံကာ ကျင်းပလာခဲ့သည်။ ထိုပြိုင်ပွဲပေါင်း ၃၆ကြိမ် ပြီးစီးခဲ့ရာ၌ ဂျာမန်ပြိုင်ပွဲဝင်များသည် ၂၇ကြိမ်တိုင်တိုင် ဗိုလ်စွဲခဲ့ကြပြီးဖြစ်သည်။

ယနေ့ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော အသက် (၃၆)နှစ်ရှိဂျာမန်သူ အော်တိုသည် လေးကြိမ်တိတိ ချန်ပီယံဘွဲ့ရရှိထားသူဖြစ်သည်။ သူမ၏ ယခုနှစ် စံချိန်မှာ ၃မိနစ် ၇ ဒသမ ၉၇၉ စက္ကန့်ဖြစ်သည်။ ဒုတိယရရှိသော ဂျာမန်သူ ခရူးရာ (၃၅ နှစ်)မှာ ၁၉၉၈ခုနှစ်က ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သူ ချန်ပီယံဟောင်း တစ်ဦးဖြစ်သည်။

တတိယဆုရရှိသူ ဟူဖ်နာ (၂၂ နှစ်)မှာ အိုလံပစ်ပြိုင်ပွဲတွင် လူသစ်တစ်ဦးဖြစ်သည်။

ပက်လက်နှင်းလျှောစီးကစားနည်းသည် မတော်တဆမှုများနှင့် မကြာခဏကြုံရသည့် စွန့်စားရသော ကစားနည်းတစ်မျိုးဖြစ်သည်။ ပြိုင်ပွဲများအတွင်း ကနေဒါသူ မဂ္ဂဟန်ဆီမစ်သာ၊ အမေရိကန်သူ ဆီမင်သာရီထရောစီနှင့် အီရင်ဟမ်လင်တို့ ဒဏ်ရာအနာတရ ဖြစ်ခဲ့ကြရသည်။ ***(အင်တာနက်)***



ပက်လက် နှင်းလျှောစီးရသော လုဂ်လျှောစီးနည်းဖြင့် ပြိုင်ပွဲဝင်နေသော ဂျာမန်သူ ဆယ်ကီအော်တိုအား တွေ့ရစဉ်။ *(အင်တာနက်)*

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ပထမအကြိမ် ကျင်းပသည့် စက်ဘီးပြိုင်ပွဲ၌ ဆုရရှိကြသော အားကစား မောင်မယ်များအား တွေ့ရစဉ်။ (အား/ကာ)

တာချီလိတ်မြို့၌ ပထမအကြိမ် စက်ဘီးပြိုင်ပွဲကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ၂၀၀၆ခုနှစ် ပထမအကြိမ် စက်ဘီးပြိုင်ပွဲကို ခရိုင်အားကစားနှင့် ကာယ ပညာဦးစီးဌာနမှကြီးမှူး၍ တာချီလိတ်မြို့ ရှမ်းရိုးမကွင်းတွင် ဇန်နဝါရီ ၂၅ရက်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုး သမီး အလွတ်တန်းပြိုင်ပွဲ၊ အသက် (၄၀) အထက် သက်ကြီးတန်းပြိုင်ပွဲနှင့် အသက် (၁၃)နှစ်အောက် မျိုးဆက်သစ် လူငယ်တန်းပြိုင်ပွဲတို့ ပါဝင်သည်။

အမျိုးသားအလွတ်တန်းနှင့် အသက် (၄၀)အထက် သက်ကြီးတန်းပြိုင်ပွဲကို မိုင်းကိုးကျေးရွာမှ တာချီလိတ် ရှမ်းရိုးမကွင်းသို့လည်းကောင်း၊ အမျိုးသမီး အလွတ်တန်းနှင့် အသက် (၁၃)နှစ်အောက် လူငယ်တန်းပြိုင်ပွဲကို မယ်ယမ်းကျေးရွာမှ တာချီလိတ် ရှမ်းရိုးမကွင်းသို့လည်းကောင်း ယှဉ်ပြိုင်စီးနင်းခဲ့ကြသည်။

အဆိုပါ စက်ဘီးပြိုင်ပွဲကို ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့၏ ပံ့ပိုးမှု၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၏ စက်ဘီးအားကစား ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးသို့ တစ်ကိုယ်တော် စက်ဘီးဖြင့် လှည့်လည် စည်းရုံးဆောင်ရွက်နေသည့် ဦးမျိုးမြင့်၏ စည်းရုံးမှုနှင့် ခွန်အားမာန်(သုခချမ်းသာ)၊ လွယ်ဆွန် (တာချီလိတ်) စက်ဘီးကလပ်တို့၏ ကူညီမှုတို့ဖြင့် ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဦးကျော်မင်း (မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း)သည် သန်လျင်ဂေါက်ကလပ်၌ ဖေဖော်ဝါရီ ၅ ရက်တွင် ဂေါက်သီးရိုက် ကစားစဉ် ကျင်းအမှတ် (၂)သို့ ၁၅၄ ကိုက် အကွာမှ Srixon No. (4) ဘောလုံးကို Srixon Iron No. (7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်သော ဦးမောင်မောင်ကြီး၊ ဦးနိုင်အေး၊ ဦးစောဟန်လင်းတို့နှင့်အတူ ကစားခဲ့ကြသည်။ (ကြေးမုံ)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ကျင်းပသည့် ပထမအကြိမ် စက်ဘီးပြိုင်ပွဲ၌ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နေစဉ်နှင့် အားပေးသူပရိသတ်များအား တွေ့ရစဉ်။ (အား/ကာ)

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဖေဖော်ဝါရီ ၁၈ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည် တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၄ရက်ထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်

အဆိုပါပြိုင်ပွဲတွင်အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၃၅) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား (၃၅)နှစ်နှင့် အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၄၅) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား (၄၅)နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၅၅) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား (၅၅)နှစ်နှင့် အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၆၀) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား (၆၀)နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀နှင့် ၃၈၁၉၉၁တို့သို့ ဖေဖော်ဝါရီ ၁၇ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံ၏ ဝန်ကြီးချုပ်အသစ် ရှိတ်နာဆာအယ်လ်မိုဟမ္မတ်အယ်လ်အာမတ်အယ်လ် ဆာဗားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သံဃာ့ဒါန နှမ်းမနဲလောင်းလှူပွဲ၊ မြို့တော်ဝန်ဖလား သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ရွှေဝါဝင်းကျောင်း နှစ် (၅၀) ပြည့်ရွှေရတုသဘင် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သံဃာ့ဒါန နှမ်းမနဲ လောင်းလှူပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၅ နာရီက တိုင်းအသင်းရုံးရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍



တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကန့်ဘလူမြို့နယ် ထိန်တောစံပြကျေးရွာစာကြည့်တိုက်၊ လူငယ်ရိပ်သာနှင့် အော်တိုအိတ်ချိန်းဖွင့်ပွဲ၊ ဇီဝဓာတ်အားပေးစက်ရုံ ၊ ကျေးလက်ဆေးခန်းနှင့် အလယ်တန်းကျောင်း ဖွင့်ပွဲတက်ရောက်

မန္တလေးမြို့ မဏိရတနာရာမ မြတောင်ကျောင်းတိုက် သာသနာ့ပါလရွှေဝါဝင်းကျောင်း သာသနာပြုသက်တမ်း နှစ်(၅၀)ပြည့် အထိမ်းအမှတ် ရွှေရတုသဘင် အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ရွှေရတုမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စစ်ကိုင်းတိုင်း တာဝန်ခံ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထိန်တောစံပြကျေးရွာ၏ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပြသ

ရှေးဦးစွာ ထိန်တောစံပြကျေးရွာ စာကြည့်တိုက်၊ လူငယ်ရိပ်သာနှင့် အော်တိုတယ်လီဖုန်း အိတ်ချိန်းဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စည်းရုံးရေးမှူး ဦးကျော်မင်းထွန်းနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်၊ လူငယ်ရိပ်သာနှင့် အော်တိုတယ်လီဖုန်းအိတ်ချိန်းတို့ကို ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွက် စာအုပ်နှင့်မဂ္ဂဇင်းများကို **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

ကြည့်ရှုလေ့လာ

၂၀၀၆ ခုနှစ် (၅၉)နှစ် မြောက် ပြည်ထောင်စုနေ့ ပြပွဲကို ဖေဖော် ဝါရီ ၁၅ ရက်က ဆက်လက် ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများလာရောက်ကြည့်ရှု လေ့လာကြသည်ကို တွေ့ရစဉ်။

(သတင်း–ဂ) (သတင်းစဉ်)